# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်　　၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ အင်္ဂါနေ့　　အတွဲ (၆၃)၊ အမှတ်(၁၄၃)


### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်း

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ကျရောက်သည့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့သည် (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့ဖြစ်ပါသည်။ ချင်းတိုင်းရင်းသားတို့၏နေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ရောက်ရှိနေကြသော ချင်းတိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးတို့သည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် မိသားစုပမာ စည်းလုံးညီညွတ်စွာ ယှဉ်တွဲနေထိုင်လာခဲ့ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် သိက္ခာရှိရှိ ခန့်ညားထည်ဝါစွာရပ်တည်နိုင်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မတတ်သာ၍ ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးကိုလည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။

ဖြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ခုခံတော်လှန်ခဲ့ကြသည့် ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်သော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့သည် လည်းကောင်း၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ကြိုးပမ်းခဲ့စဉ်က ဦးလှုရ်မှုန်၊ ဦးထောင်ဇာခုပ်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ ဦးကီးယိုမန်း၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်)

စာမျက်နှာ ၃ ကော်လံ ၁ ❐

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

## တရားမဝင်ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်သည် မှောင်ခိုကုန်သွယ်မှုဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်က ကျသင့်တန်ဖိုးအောက် ဖော်ပြ၍ ကုန်သွယ်မှုဆောင်ရွက်ခြင်းနှင့် ၁၀ ရာခိုင်နှုန်းသည် တရားဝင်၊ တရားမဝင် အပြိုင်တင်သွင်းမှုတို့ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❁

မြန်မာ့အလင်း

# တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာဟန့်တားတိုက်ဖျက်နိုင်ရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့် အဟန့်အတားကို ဖြစ်စေပြီး နိုင်ငံလုံခြုံရေးအတွက်လည်း အန္တရာယ်ရှိနိုင်သည့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများမှာ ဖမ်းဆီးရမိမှုတန်ဖိုး ပမာဏများ တစ်နှစ်ထက်တစ်နှစ် ပိုမိုလာသည့်တိုင်အောင် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်ဟု သိရသည်။ အဖမ်းအဆီး မည်မျှများပြားစေကာမူ ဆက်လက်လုပ်ကိုင်နေကြခြင်း၏ သဘောမှာ လုပ်ကိုင်ခွင့်သာနေခြင်း၊ လုပ်ကိုင်၍ရသည့် နည်းလမ်းများရှိနေခြင်းနှင့် အကျိုးအမြတ်များ မစွန့်လွှတ်ချင်လောက်အောင် ရရှိခြင်းတို့ကြောင့်ဟု ဆိုနိုင်သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) တွင် ဦးဆောင်ကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့ရာတွင် "အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် ဆိပ်ကမ်းများ၊ နယ်စပ်စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တာဝန်ကျသည့် ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ယခုထက်ပိုမို ထိရောက်စွာ ကြပ်မတ်၊ တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူ ဆောင်ရွက်ကြရန် လိုအပ်နေသည်မှာ ထင်ရှားနေပါကြောင်း။" ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် တာဝန်ကျ ဝန်ထမ်းများ၏ လာဘ်ပေးလာဘ်ယူမှုများနှင့် သတ်မှတ်ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ခြင်းမရှိသည့် အားနည်းချက်များ ရှိနေကြောင်းကိုလည်း ထောက်ပြပြောကြားခဲ့သည်။

တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရာတွင် တားဆီးအရေးယူမှုများကြောင့် ရပ်တန့်မသွားဘဲ ဆက်လက်ကျူးလွန်နေကြခြင်းမှာ လက်ရှိဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၏ အားနည်းချက်နှင့် လူပုဂ္ဂိုလ်များ၏ အားနည်းချက်များကြောင့် ဟုတ်မဟုတ် ဆန်းစစ်လေ့လာ အဖြေရှာရန် လိုအပ်မည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုများကို စစ်ဆေးဖမ်းဆီးအရေးယူရာတွင် ဖမ်းဆီးရမိသည့် ကုန်ပစ္စည်းကိုလိုက်၍ အကောက်ခွန်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ သစ်တောဥပဒေ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေ စသည့်ဥပဒေများဖြင့် အရေးယူနေခြင်း၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းဖြင့် ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ ယင်းသို့အရေးယူနေရခြင်းနှင့် စပ်လျဉ်း၍လည်း ကန့်သတ်ကုန်ပစ္စည်းများဆိုပါက ပစ္စည်းသိမ်းဆည်းခြင်း၊ အကောက်ခွန်မဲ့ပစ္စည်းဖြစ်ပါက ဒဏ်ငွေတပ်ရိုက်ပြီး ရွေးယူခွင့်ပြုခြင်းတို့အပါအဝင် ပစ္စည်းသိမ်းခြင်းနှင့် တရားမဝင်ကုန်ပစ္စည်းတင်ဆောင်သည့်ယာဉ် သိမ်းခြင်းကိုသာ အများဆုံးဆောင်ရွက်နိုင်ခြင်းကြောင့် ထပ်ကာ ထပ်ကာ ကျူးလွန်နေသူများကို ယခုထက် ထိထိရောက်ရောက် ဟန့်တားအရေးယူရန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များ ရှိခဲ့သည်။

တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်လာရခြင်းနှင့်စပ်လျဉ်း၍ အခြေခံအကြောင်းရင်းများကို ဖော်ထုတ်ပြီး ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်အပြင် ဝိသမလောဘဖြင့် အကြိမ်ကြိမ် ကျူးလွန်နေမှုများကိုလည်း ထိထိရောက်ရောက် အရေးယူနိုင်ရန်လိုသည်။ ဥပဒေများ၌ အားနည်းချက်များရှိနေလျှင်လည်း ခေတ်အခြေအနေနှင့်အညီ ပြင်ဆင်ခြင်း၊ ထိရောက်ဟန့်တားနိုင်မည့် ဥပဒေအသစ်ပြဋ္ဌာန်းခြင်းတို့ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန် မြင့်မားစေရမည်ဖြစ်သည်။ နိုင်ငံအတွင်း ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းရေး၊ တရားဝင်ကုန်သွယ်မှုများ တိုးတက်ဖြစ်ပေါ်လာရေးမှသည် နိုင်ငံတော်လုံခြုံရေးအထိ လွန်စွာအရေးကြီးသည့် တရားမဝင်ကုန်သွယ်မှုများကို အလေးအနက် တားဆီးတိုက်ဖျက်ရန်နှင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ်မည်ဟု ယုံကြည်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ၉ မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ၆ မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကိုနှင့် ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှုအမှတ် ၁၉/ ၂၀၂၂ (ရောဝတီ)၊ ၁၇/ ၂၀၂၃ (တနင်္သာရီ)၊ ၁၉/ ၂၀၂၃ (ရောဝတီ)၊ ၂၃/၂၀၂၃ (ရန်ကုန်)၊ ၃၉/ ၂၀၂၃ (ရန်ကုန်)၊ ၄၇/၂၀၂၂ (မကွေး) ၊ ၁၀/ ၂၀၂၃ (တနင်္သာရီ)၊ ၂၅/ ၂၀၂၃ (ကချင်)၊ ၂၆/ ၂၀၂၃ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၉) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၆/ ၂၀၂၂ (မန္တလေး)၊ ၁၅/ ၂၀၂၃ (မကွေး)၊ ၂၂/ ၂၀၂၃ (ကချင်)၊ ၃၁/ ၂၀၂၃ (ပဲခူး)၊ ၃၅/ ၂၀၂၃(ရန်ကုန်)၊ ၄၂/ ၂၀၂၃ (ရန်ကုန်) စုစုပေါင်း တရားမအထူး အယူခံမှု (၆) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဟန္နိုင်းမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပို့ကုန်ရငွေ အသုံးပြုခွင့်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မူလသတ်မှတ်ချက်အတိုင်း ဆက်လက်ခွင့်ပြုနေပြီး မှန်ကန်တိကျမှုမရှိသောသတင်းအမှားများကို ဖြန့်ဝေဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက အရေးယူမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ပို့ကုန်ရငွေ အသုံးပြုခွင့်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မူလသတ်မှတ်ချက်အတိုင်း ဆက်လက်ခွင့်ပြုနေကြောင်းနှင့် မှန်ကန်တိကျမှုမရှိသော သတင်းအမှားများကို ဖြန့်ဝေဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

သတင်းမီဒီယာတစ်ခုတွင် ဗဟိုဘဏ်က ပို့ကုန်ရငွေနှင့် ပတ်သက်ပြီး ပြန်လည်တင်းကျပ်မှုအဖြစ် ပို့ကုန်ရငွေ၏ ၆၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်သတ်မှတ်ဈေးဖြင့် ရောင်းချရမည်ဖြစ်ပြီး ကျန် ၃၅ ရာခိုင်နှုန်းကိုသာ ပေါက်ဈေးအတိုင်း ရောင်းချခွင့်ရှိတော့မည်ဆိုသည့် သတင်းကြောင့် ပြည်တွင်း ပဲဈေးနှုန်းများ ကျဆင်းသွားသည်ဆိုသော သတင်းအမှားတစ်ခု လွှင့်တင်ထားသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။

နိုင်ငံတော်အနေဖြင့် ပို့ကုန်လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရေးအတွက်အလေးထားဆောင်ရွက်လျက်ရှိရာ ပြည်ပသို့ တင်ပို့ခြင်းမှရရှိသော ပို့ကုန်ရငွေ အသုံးပြုခွင့်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ၆-၁၂-၂၀၂၃ ရက်တွင်အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၃ ဖြင့် ထုတ်ပြန်ထားရာ အဆိုပါအမိန့်ကြော်ငြာစာတွင် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အမိန့်ကြော်ငြာစာအမှတ် (၁၂ /၂၀၂၂) ပါသတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ထုတ်ပြန်ထားခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ အမိန့်ကြော်ငြာစာအရ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ရငွေ၏ ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရည်ညွှန်းဈေးဖြင့် လဲလှယ်ရမည်ဖြစ်ပြီး ကျန် ၆၅ ရာခိုင်နှုန်းကို နေ့စဉ် Online ငွေလဲနှုန်းဖြင့် လဲလှယ်အသုံးပြုခွင့် ပေးထားခြင်းဖြစ်ပြီး အဆိုပါသတ်မှတ်ချက်အတိုင်း လက်ရှိတွင် ပြောင်းလဲခြင်းမရှိ ခွင့်ပြုဆောင်ရွက်ပေးနေကြောင်းလည်း ဖော်ပြထားသည်။

အထက်ပါ သတင်းမီဒီယာတွင် ဖော်ပြချက်သည် လက်ရှိကျင့်သုံးနေသည့် မူဝါဒကို ပြောင်းပြန်လှန်ပြီး မဟုတ်မမှန် ပြောကြားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပဲမျိုးစုံ၊ နှမ်းအစရှိသည့် လယ်ယာထွက်ကုန် စိုက်ပျိုးထုတ်လုပ်သူ၊ ကုန်သည်နှင့် ပြည်ပတင်ပို့သော လုပ်ငန်းရှင်များအပါအဝင် ပို့ကုန်လုပ်ငန်းစဉ်တွင် ပါဝင်သူများအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ၆-၁၂-၂၀၂၃ ရက်တွင် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ ၂၆/၂၀၂၃ အတိုင်းသာ ဆောင်ရွက်နေကြောင်းနှင့် သတင်းအမှန်ကို သိရှိပြီး ပို့ကုန်လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး အသိပေးလိုက်ကြောင်း စာတွင်ဖော်ပြထားသည်။

ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းကမောက်ကမဖြစ်စေပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ စီးပွားရေးကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မှန်ကန်တိကျမှုမရှိသော သတင်းအမှားများကို ဖြန့်ဝေဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

**ထက်ဦးမောင်**

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❑ *ရှေ့ဖုံးမှ*

သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်တို့သည်လည်းကောင်း၊ လွတ်လပ်ရေး ရပြီးခါစ ပြည်တွင်းဆူပူသောင်းကျန်းမှုများကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီး ဟာရန်ထီးယို၊ ဗိုလ်ကြီး သူရ အောင်ဆန်း သူရိယတိုက်ချွန်းတို့သည် လည်းကောင်း နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့်တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများပင် ဖြစ်ခဲ့ကြပါသည်။

ချင်းအမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည့် ဖေဖော်ဝါရီလ (၂၀) ရက်နေ့သည် နယ်ချဲ့တော်လှန်ရေး ချင်းတိုင်းရင်းသား ခေါင်းဆောင်များနှင့် ချင်းတိုင်းရင်းသားပြည်သူများက ကန်ပက်လက်မြို့၌ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးအကြီးအကဲများကို ဆန့်ကျင်မောင်းထုတ်ခဲ့သည့် သမိုင်းဝင်နေ့ရက်တစ်ရက်ပင်ဖြစ်ပါသည်။ ထို့ပြင် ၁၉၄၈ ခုနှစ်၊ ဖလမ်းမြို့ လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သောနေ့မှာလည်း ဖေဖော်ဝါရီလ (၂၀) ရက်နေ့ပင်ဖြစ်ပါသည်။

ချင်းအမျိုးသားနေ့သည် ချင်းတိုင်းရင်းသားများက ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများနှင့် ပဒေသရာဇ်စနစ် ဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့်တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ တိုက်သူကြီးအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဖော်ဆောင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ချင်းပြည်နယ် နေရာဒေသအချို့အပါအဝင် နိုင်ငံ၏ နေရာအနှံ့အပြား၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ စည်းလုံးညီညွတ်မှုပြိုကွဲပြီး လွဲမှားသည့် အယူအဆ၊ ကိုယ်ကျိုးအတ္တများဖြင့် လက်နက်စွဲကိုင်ကာ အချင်းချင်းအပြန်အလှန်တိုက်ခိုက်နေကြရင်း လဲပြိုသွားပြီး အချုပ်အခြာအာဏာဆုံးရှုံးရသည့်ဘဝသို့ ရောက်သွားနိုင်သည်ကို သတိပြုကြရန်လိုပါသည်။ ထိုအဖြစ်မျိုး မရောက်စေရန်အတွက် တစ်ခုတည်းသော လိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ရာစုနှစ်ပေါင်းများစွာ ဖြစ်တည်ခဲ့ပြီးဖြစ်သည့် သံယောဇဉ်တရားနှင့် ချစ်ခင်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်းပြည်ပ အဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးနေခြင်း၊ ကျဉ်းမြောင်းသည့် လူမျိုးရေးအယူဝါဒ သွတ်သွင်းပေးနေခြင်းတို့ကို သတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။ အပြုနှင့်အဖျက်တို့မှ ဖြစ်ပေါ်လာသည့် အကျိုးနှင့်အပြစ်၊ အဆိုးနှင့်အကောင်းတို့ကို ဆင်ခြင်သုံးသပ်ပြီး အမှန်နှင့်အမှားကို ခွဲခြားရှုမြင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးဟူသော အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဦးတည်ချက် (၉)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်မှာ အရေးပေါ်ကာလဆောင်ရွက်ရန်ရှိသည်များ ပြီးစီးပါက ပြည်သူ့ဆန္ဒနှင့်အညီ လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲပြောင်းပေးအပ်ရန်ပင်ဖြစ်ပါသည်။ ထိုသို့ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအလိုက် အဓိကလိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးပင်ဖြစ်ပါသည်။

နိုင်ငံတည်ငြိမ်အေးချမ်းလျှင် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာစွာဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး မိမိတို့၏ သားသမီးများသည်လည်း အေးချမ်းစွာပညာသင်ကြားနိုင်ကြမည်ဖြစ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ပြည့်စုံရန်လိုအပ်ပါသည်။

သို့သော်လည်း တိုင်းရင်းသားဒေသများ၊ မြို့ပြနှင့်အလှမ်းဝေးသော ကျေးလက်များတွင် ဘာသာစကားအခက်အခဲများ၊ ပညာရေး အားပေးမှု အားနည်းချက်နှင့် အခြားသောစိန်ခေါ်မှုများကြောင့် ပညာရည်နိမ့်ကျမှုများ၊ ပညာမသင်ယူနိုင်မှုများရှိနေသည်ကို တွေ့ရပါသည်။ ယခုအခါ ချင်းပြည်နယ်အပါအဝင် ဒေသအချို့တွင် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများ၊ ခြိမ်းခြောက်မှုများကြောင့် ကျောင်းများဖွင့်လှစ်နိုင်ခြင်းမရှိသဖြင့် ဒေသခံတိုင်းရင်းသား ကျောင်းသားကျောင်းသူများ များစွာနစ်နာဆုံးရှုံးလျက်ရှိပါသည်။

တိုင်းပြည်အနာဂတ်အတွက် ပညာရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ယခုကဲ့သို့ အဖျက်အမှောင့် နှောင့်ယှက်ဖျက်ဆီးမှုများဖြင့် ပညာရေးကိုဟန့်တားပြီး နိမ့်ကျအောင် လုပ်ဆောင်နေသည်များကို အားလုံးက ဝိုင်းဝန်းဆန့်ကျင်တားဆီးကြရမည်ဖြစ်ပါသည်။ အနာဂတ်လူငယ်များ ပညာရည်မြင့်မားရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းနိုင်ရေးနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေးအတွက် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် နိုင်ငံတော်က ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသလို တိုင်းရင်းသားပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အခြေခံကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ စက်မှုသက်မွေးပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဘာသာရပ်သင် ဆရာ ဆရာမများ ပိုမိုခန့်ထားပေးလျက်ရှိပြီး တိုင်းရင်းသားဒေသများတွင် သင်ကြားရေးလက်ထောက်ဆရာ ဆရာမများနှင့် တိုင်းရင်းသား ဘာသာစကားသင်ကြားရေး ဆရာ ဆရာမများကိုလည်း ခန့်ထားပေးလျက်ရှိပါသည်။ KG+9 အထိ မသင်မနေရ ဘက်စုံပညာရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်အတွင်း အခြေခံပညာတတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားတိုးတက်လာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ချင်းပြည်နယ်သည် ဘက်စုံကဏ္ဍမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှုဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ပြည်မနှင့် လွယ်ကူစွာဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့် ပြည်နယ်တွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်း တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ချင်းပြည်နယ်ရှိ ပြည်သူများ မျှော်လင့်တောင့်တနေသော မဟာဓာတ်အားလိုင်းမှ ချင်းပြည်နယ်အနှံ့ လျှပ်စစ်မီးရရှိရေးကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် မိမိတို့ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထွက်ကုန်များနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စနစ်တကျ ထိရောက်အောင် အကောင်အထည်ဖော်ကြရန်လိုအပ်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလ (၁၄)ရက်နေ့တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ချင်းပြည်နယ်အတွင်းရှိ အချို့မြို့နယ်များတွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းဖြတ်သန်းရာဒေသများ၌ ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ကြိုတင်စီမံဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာများ ကြိုတင်စုဆောင်းထားပြီး မုန်တိုင်းဝင်ရောက်နိုင်သည့် ခန့်မှန်းနေရာများအလိုက် သတိပေးခြင်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကြောင့် မုန်တိုင်းအင်အားကြီးမားသော်လည်း ထိခိုက်ဆုံးရှုံးမှုနည်းပါးခဲ့ပါသည်။

မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တပ်မတော်နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်တွင်းပြည်ပနိုင်ငံများမှ စေတနာရှင်များ၏ လှူဒါန်းမှု၊ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ (၂) လ အတွင်း မူလအခြေအနေသို့ပြန်လည်ရောက်ရှိပြီဖြစ်ပါသည်။ မိမိတို့ရည်မှန်းထားသည့်အတိုင်း ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်

> ❑ **လက်ရှိအခြေအနေတွင် ချင်းပြည်နယ် နေရာဒေသအချို့အပါအဝင် နိုင်ငံ၏ နေရာအနှံ့အပြား၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးမား**
>
> ❑ **စည်းလုံးညီညွတ်မှုပြိုကွဲပြီး လွဲမှားသည့်အယူအဆ၊ ကိုယ်ကျိုးအတ္တများဖြင့် လက်နက်စွဲကိုင်ကာ အချင်းချင်းအပြန်အလှန်တိုက်ခိုက်နေကြရင်း လဲပြိုသွားပြီး အချုပ်အခြာအာဏာဆုံးရှုံးရသည့်ဘဝသို့ ရောက်သွားနိုင်သည်ကို သတိပြုကြရန်လို၊ ထိုအဖြစ်မျိုးမရောက်စေရန်အတွက် တစ်ခုတည်းသော လိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်**

အစိုးရက ချင်းပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းသင့်ဒေသများတွင် ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် (၁၀၀၂ ဒသမ ၀၂) သန်း ထောက်ပံ့ပေးခဲ့ပါသည်။ ဤသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားပြည်သူများအပေါ် တိုင်းရင်းသားညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပြသနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ပြင် ဒေသဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည်နယ်တွင် တီးတိန်ခရိုင်နှင့် ပလက်ဝခရိုင်တို့ကိုလည်း တိုးချဲ့ဖွဲ့စည်းပေးခဲ့ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

ချင်းတိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ချင်းပြည်နယ်၏ အကျိုး၊ ပြည်ထောင်စု၏ အကျိုးကို ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

- **ဖမ်းဆီးရမိမှုများကို အနီးကပ်ဆုံးတစ်နှစ်တာကာလဖြစ်သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက အကောက်ခွန်ဦးစီးဌာနက တာဝန်ယူဖမ်းဆီးသည့် အပြည်ပြည်ဆိုင်ရာ(လေဆိပ်)၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးစခန်းများနှင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများက ဖမ်းဆီးရရှိမှုအများဆုံးဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖမ်းဆီးရမိ၍ ဒုတိယအများဆုံးအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယအများဆုံးအနေဖြင့် ကချင်ပြည်နယ်တို့က ဖမ်းဆီးရရှိခဲ့သည်ကို တွေ့ရှိရ**
- **ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကိုစိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ကာ တတိယအများဆုံးမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သည်ကို တွေ့ရှိရ**
- **ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်ထက် ၂၀၂၃ ခုနှစ်တွင် တန်ဖိုးကျပ် (၇၀ ဒသမ ၃၁ )ဘီလီယံခန့် ပိုမိုဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရသော်လည်း တရားမဝင်ကုန်သွယ်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်ကိုလည်း တွေ့ရှိရ**

*❁ ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝင်းရှိန်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ဥပဒေကိုကျော်လွန်၍ ဆောင်ရွက်နေခြင်းများရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) တွင် “တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံ၌ ဥပဒေကိုကျော်လွန်၍ ဆောင်ရွက်နေခြင်းများရှိပြီး စီးပွားရေးသမားများအနေဖြင့် ဝိသမလောဘများဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေးအပြင် လုံခြုံရေးအတွက်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုများမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သမားများထံသို့ ငွေကြေးများ စီးဆင်းမှုများ ဖြစ်ပေါ်စေပြီး ၎င်းမှတစ်ဆင့် လုံခြုံရေးအရ ထိခိုက်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများအား ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရန်လိုကြောင်း” ထည့်သွင်းဆွေးနွေးခဲ့ကြောင်း။

တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်ပြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံဖြတ်ကျော်မဟာမိတ်အဖွဲ့–Transnational Alliance to Combat– Illicit Trade–TRACIT ၏ ဖော်ပြချက်တွင် တရားမဝင်ကုန်သွယ်မှု ဆောင်ရွက်ချက်များသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ – Sustainable Development Goals ကို အောင်မြင်အောင်ဆောင်ရွက်ရာ၌ သိသာစွာထိခိုက်မှုရှိကြောင်း၊ အထူးသဖြင့် တရားဝင်စီးပွားရေးလုပ်ငန်းများ၊ အစိုးရ၏အရေးကြီးသော ပြည်သူ့ဝန်ဆောင်မှုအခန်းကဏ္ဍများအတွက် ရင်းနှီးမြှုပ်နှံမှုမှရရှိသည့် အခွန်အခများ၊ ထောင်ပေါင်းများစွာသော တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဂေဟစနစ်နှင့် လူ့အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာစေခြင်းများကို ဖြစ်ပေါ်နိုင်စေသည်ကို ဖော်ပြထားပါကြောင်း။

ထို့ပြင် တရားဝင်ကုန်သွယ်မှုများ ချဲ့ထွင်ခြင်းနှင့် ပတ်သက်ပြီး တရားမဝင်ကုန်သွယ်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုမှာ ခန့်မှန်းခြေအားဖြင့် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၈ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအကြားတွင်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများမှ ရရှိလာသည့် အမြတ်ငွေ ဒေါ်လာဘီလီယံပေါင်းများစွာကို အခြားသော တရားမဝင်လုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြင့် လူ့အသိုင်းအဝိုင်း၏ စီးပွားရေးလုပ်ငန်းများအကြား မတည်ငြိမ်မှုများ ပိုမိုဖြစ်ပေါ်လာပြီး အဆိုးရွားဆုံးအဖြစ် နိုင်ငံတော်၏ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကို ခြိမ်းခြောက်သည့် အကြမ်းဖက် ငွေကြေးထောက်ပံ့မှုများကိုလည်း ပေါ်ပေါက်လာစေကြောင်းဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

**ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆိုးကျိုးသက်ရောက်**

တရားမဝင်ကုန်သွယ်မှုများကြောင့် တိုက်ရိုက်ဆိုးကျိုးသက်ရောက်မှုနှင့် သွယ်ဝိုက်ဆိုးကျိုးသက်ရောက်မှု (၂) ပိုင်းတွေ့ရှိရပြီး တိုက်ရိုက်ဆိုးကျိုးသက်ရောက်မှုများအနေဖြင့် စီးပွားရေးကဏ္ဍများစွာ၏ ကုန်ထုတ်စွမ်းအားနှင့် အမြတ်အစွန်းများကို ပျက်ပြားစေခြင်း၊ နှစ်စဉ်တရားဝင်စီးပွားရေးမှ ဝင်ငွေများ ဆုတ်ယုတ်စေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်း၊ တရားမဝင်ကုန်သွယ်မှုမှ တရားမမျှတသည့် ယှဉ်ပြိုင်မှုကြောင့် တရားဝင်စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှုစသည်များကို လျော့ကျလာစေပြီး တရားဝင်လုပ်ငန်းများ၏ အလုပ်အကိုင်များဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှုတို့ကို ပျက်ပြားစေခြင်း၊ အစိုးရ၏ အခွန်ဝင်ငွေရရှိမှုများ ကျဆင်းခြင်းကြောင့် အများပြည်သူအတွက် ရင်းနှီးမြှုပ်နှံမှုများကို လျော့ကျစေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြင်းထန်စွာ ဆိုးကျိုးသက်ရောက်စေခြင်း၊ တရားမဝင်ကုန်သွယ်မှုနှင့် ဆက်နွှယ်ပြီး ရာဇဝတ်မှုကျူးလွန်သည့်ဂိုဏ်းများ တိုးပွားလာစေခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

**အရည်အသွေး လျင်မြန်စွာကျဆင်း**

သွယ်ဝိုက်ဆိုးကျိုးများမှာ တရားမဝင်သည့် ငါးဖမ်းဆီးမှုများကြောင့် ငါးသယံဇာတများ ပြုန်းတီးခြင်းနှင့် အဆိုပါရင်းမြစ်များအပေါ် မှီခိုအားထားအသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ခြိမ်းခြောက်ခံရခြင်း၊ တရားမဝင်ငါးဖမ်းလှေများတွင် လူဆိုးဂိုဏ်းများ၏ အတင်းအကျပ်စေခိုင်းမှုများခံရခြင်း၊ တရားမဝင် သစ်ခုတ်ခြင်းနှင့် သစ်ကုန်သွယ်မှုများကြောင့် သစ်တောများနှင့် တိရစ္ဆာန်များ၏ ဂေဟစနစ်များ ပျက်စီးပြီး ခရီးသွားလုပ်ငန်းကဏ္ဍမှ အလုပ်အကိုင်များကို ခြိမ်းခြောက်ခံရခြင်း၊ သစ်တောများကို မှီတင်းနေထိုင်သည့် လူမှုအသိုက်အဝန်းနှင့် တိရစ္ဆာန်များအတွက် ခြိမ်းခြောက်ခံရခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ပိုးသတ်ဆေးအတုအပများ အသုံးပြုမှုကြောင့် စီးပွားရေးအရ ပျက်စီးဆုံးရှုံးခြင်းနှင့်ရေရှည်တွင် သဘာဝပတ်ဝန်းကျင် အရည်အသွေးလျင်မြန်စွာ ကျဆင်းလာခြင်းတို့ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတကာနှင့် ကုန်သွယ်မှုများဆောင်ရွက်ရန်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များ၏ Brand မထိခိုက်စေရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုများအား လိုလားခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့်လည်း အရည်အသွေးမြင့်ပြီး ဘေးကင်းစစ်မှန်သည့် ကုန်စည်များကိုသာ အသုံးပြုလို၊ စားသုံးလိုသည့် ဆန္ဒများရှိသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင်ကုန်စည်များကြောင့် ကုန်စည်အတုအပများ ဈေးကွက်အတွင်း များပြားလာပါက စားသုံးသူများအနေဖြင့် ယုံကြည်မှုပျောက်ဆုံးလာနိုင်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်သည် မှောင်ခိုကုန်သွယ်မှုဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်က ကျသင့်တန်ဖိုးအောက် ဖော်ပြ၍ ကုန်သွယ်မှုဆောင်ရွက်ခြင်းနှင့် ၁၀ ရာခိုင်နှုန်းသည် တရားဝင်၊ တရားမဝင် အပြိုင်တင်သွင်းမှုတို့ဖြစ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် နောက်ဆက်တွဲဆုံးရှုံးမှုများအနေဖြင့် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေခြင်း၊ အမှန်တကယ်လုပ်ကိုင်နေသူများကို ထိခိုက်နစ်နာစေခြင်းနှင့် နိုင်ငံ့အတွက် အခွန်ဘဏ္ဍာများမရရှိသည့်အတွက် ဝင်ငွေအကြီးအကျယ်ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်သည့် လုပ်ငန်းများအား “အမျိုးသားရေးတာဝန်” အဖြစ် သတ်မှတ်ပြီး ဝိုင်းဝန်းကြိုးပမ်းကြရန် ထပ်မံတိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေ အညွှန်းကိန်းလျှော့ချနိုင်ရေး ဆောင်ရွက်ရန်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာသည်မှာ ယနေ့အစည်းအဝေးပါဆိုလျှင် (၁၃) ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ယခင်အစည်းအဝေး (၁၂) ကြိမ်က ဆုံးဖြတ်ချက် (၄၂၄) ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဦးဆောင်ကော်မတီ ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်း (၂၄)လကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ (၁၀၃၉၅) မှုနှင့် ခန့်မှန်းတန်ဖိုးကျပ် ( ၂၀၀ ဒသမ ၄၂၂) ဘီလီယံ ဖမ်းဆီးရမိခဲ့ပါကြောင်း။

**ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်**

ဖမ်းဆီးရမိမှုများကို အနီးကပ်ဆုံး တစ်နှစ်တာကာလဖြစ်သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက အကောက်ခွန်ဦးစီးဌာနက တာဝန်ယူဖမ်းဆီးသည့် အပြည်ပြည်ဆိုင်ရာ (လေဆိပ်)၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးစခန်းများနှင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများက ဖမ်းဆီးရရှိမှုအများဆုံးဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖမ်းဆီးရမိ၍ ဒုတိယအများဆုံးအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယအများဆုံးအနေဖြင့် ကချင်ပြည်နယ်တို့က ဖမ်းဆီးရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကိုစိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ကာ တတိယအများဆုံးမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်ထက် ၂၀၂၃ ခုနှစ်တွင် တန်ဖိုးကျပ် (၇၀ ဒသမ ၃၁ )ဘီလီယံခန့် ပိုမိုဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရသော်လည်း တရားမဝင်ကုန်သွယ်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ဆိပ်ကမ်းများ၊ နယ်စပ်စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တာဝန်ကျသည့် ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ယခုထက် ပိုမိုထိရောက်စွာ ကြပ်မတ်၊ တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်ကြရန် လိုအပ်နေသည်မှာ ထင်ရှားနေပါကြောင်း။

**ထိထိရောက်ရောက် စစ်ဆေး**

ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် အကောက်ခွန်ဦးစီးဌာနက ပို့ကုန်ယာဉ်စစ်ဆေးမည့် X–Ray စက်နှင့် ပတ်သက်ပြီး ခေတ်မီ X–Ray စက်တပ်ဆင်နိုင်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခွင့်ပြုခဲ့ပြီးဖြစ်၍ X–Ray စက်အသစ်တပ်ဆင်ခြင်းလုပ်ငန်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူပြီး မြန်မြန်ဆန်ဆန်တပ်ဆင်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ရထား၊ ပြည်တွင်း ရေကြောင်းသွားရေယာဉ်၊ ပြည်တွင်းကမ်းရိုးတန်းသွားရေယာဉ်များတွင် အသုံးပြုမည့် ကုန်တင်လွှာစနစ်၊ စံပြုလုပ်ငန်းစဉ်များ (SOPs) ကိုလည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ စမ်းသပ်ကာလ (၃) လသတ်မှတ်ပြီး စတင်ဆောင်ရွက်နေပြီဖြစ်၍ သတ်မှတ်စမ်းသပ်ကာလများအတွင်း ပညာပေးလုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်နှင့် စမ်းသပ်ကာလပြီးဆုံးပါက စံပြုလုပ်ငန်းစဉ်များ (SOPs) နှင့်အညီ ထိထိရောက်ရောက် စစ်ဆေးပြီး ကိုက်ညီမှုမရှိပါက အရေးယူဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**နှစ်ဦးနှစ်ဖက်အကျိုးရှိရှိ စစ်ဆေး**

ထို့ပြင် လေကြောင်းနှင့်သယ်ယူပို့ဆောင်သည့် ကုန်စည်များကို စနစ်တကျစစ်ဆေးဆောင်ရွက်သည့် စံပြုလုပ်ငန်းစဉ် (SOPs)ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှစပြီး စမ်းသပ်ကာလ (၃) လ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အားနည်းချက်များ ပေါ်လာနိုင်သည့်အတွက် စောင့်ကြည့်ပြီး ပြုပြင်သင့်သည်များကို ပြုပြင်ရန်လိုအပ်ပါကြောင်း၊ မြန်မြန်ဆန်ဆန်နှင့် ငွေကုန်ကြေးကျမများဘဲ နှစ်ဦးနှစ်ဖက်အကျိုးရှိရှိ စစ်ဆေးဆောင်ရွက်ရန်လိုအပ်ကြောင်း။ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

“ စစ်ဆေးရေးဂိတ်၊ လုံခြုံရေးဂိတ်များကို ငွေပေးပြီး ဖြတ်သန်းနေသည်များရှိသကဲ့သို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် ဆောင်ရွက်သည့် ဆိပ်ကမ်းများတွင်လည်း ကွန်တိန်နာများ ဖွင့်ဖောက်စစ်ဆေးရာတွင် သတ်မှတ်ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုအားနည်းနေကြောင်း ကြားသိနေရသည့်အတွက် အထူးအဖွဲ့ဥက္ကဋ္ဌများ၊ OSS ဌာနဆိုင်ရာ တာဝန်ခံညွှန်ကြားရေးမှူးချုပ်များအနေဖြင့် မိမိတာဝန်ယူရသည့် စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးဂိတ်များနှင့် ကုန်သေတ္တာဆိပ်ကမ်းများတွင် လာဘ်ပေး လာဘ်ယူမှုများမရှိအောင် လစဉ်ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက် ”

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမားရိုးကျပုံမှန်စစ်ဆေးဆောင်ရွက်ခြင်းများအပြင် နိုင်ငံတကာတွင် အသုံးပြုနေသည့် ICT နည်းပညာအသုံးပြုနည်းလမ်းများနှင့် ရှာဖွေစစ်ဆေးနိုင်ရေးကိုလည်း ရည်မှန်းချက်ထားဆောင်ရွက်ကြရန် ထပ်မံတိုက်တွန်းပြောကြားလိုကြောင်း၊ ထို့ပြင် စစ်ဆေးရေးဂိတ်၊ လုံခြုံရေးဂိတ်များကို ငွေပေးပြီး ဖြတ်သန်းနေသည်များရှိသကဲ့သို့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် ဆောင်ရွက်သည့် ဆိပ်ကမ်းများတွင်လည်း ကွန်တိန်နာများ ဖွင့်ဖောက်စစ်ဆေးရာတွင် သတ်မှတ်ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုအားနည်းနေကြောင်း ကြားသိနေရသည့်အတွက် အထူးအဖွဲ့ဥက္ကဋ္ဌများ၊ OSS ဌာနဆိုင်ရာ တာဝန်ခံညွှန်ကြားရေးမှူးချုပ်များအနေဖြင့် မိမိတာဝန်ယူရသည့် စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးဂိတ်များနှင့် ကုန်သေတ္တာဆိပ်ကမ်းများတွင် လာဘ်ပေး လာဘ်ယူမှုများမရှိအောင် လစဉ်ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ယင်းကိစ္စများကို ဦးဆောင်ကော်မတီအစည်းအဝေးများ၌ အကြိမ်ကြိမ်မှာကြားထားပြီးဖြစ်သည့်အတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**ပြည်သူလူထုကပါ ပူးပေါင်းပါဝင်**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ တရားဝင်စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သည့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်းရေးအတွက် “အမျိုးသားရေးတာဝန်တစ်ရပ်”အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်ရှိသူများအပြင် ဆက်စပ်သည့် ကုန်သည်လုပ်ငန်းရှင်များနှင့် ပြည်သူလူထုကပါ ပူးပေါင်းပါဝင်ပြီး စဉ်ဆက်မပြတ် ကြိုးစားတိုက်ဖျက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ရှာဖွေစစ်ဆေးဟန့်တားနိုင်ရေးနည်းလမ်းရှာဖွေ**

တစ်ဖက်ကလည်း ပြည်ပပို့ကုန်တိုးတက်ရန်နှင့် သွင်းကုန်အစားထိုး ပြည်တွင်းထုတ်လုပ်မှုများ တိုးတက်ရန်အတွက် MSMEs လုပ်ငန်းများကို ရေရှည်ရပ်တည်နိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးရန်လိုအပ်သည့်အတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို ခြိမ်းခြောက်နေသည့် တရားမဝင်ကုန်သွယ်မှုများကိုလည်း ယခုထက် ပိုမိုထိရောက်သည့် နည်းစနစ်များနှင့် ရှာဖွေစစ်ဆေးဟန့်တားနိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၆/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ခင်ဇော်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းတို့က တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှု အခြေအနေများ၊ E-Lock စနစ်ဆိုင်ရာကိစ္စရပ်များ၊ တရားမဝင် Online မှ ကုန်ပစ္စည်းများရောင်းချနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၄) ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Uladzimir Baravikou အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၂၄ ခုနှစ်စက်တင်ဘာလတွင် ကျရောက်မည့် မြန်မာ - ဘယ်လာရုစ် သံတမန်ဆက်သွယ်မှု ထူထောင်သည့်(၂၅) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ မြှင့်တင်သွားရေး၊ မြန်မာကျောင်းသားများအတွက် ဘယ်လာရုစ်နိုင်ငံမှ ပညာသင်ဆုများ ပိုမိုပေးအပ်သွားရေးအပါအဝင် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် နိုင်ငံတော်အစိုးရမှ ဦးစားပေး ဆောင်ရွက်လျက်ရှိသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးတို့နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းအသိပေးခဲ့သည်။ **သတင်းစဉ်**



# ပြည်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပြည် ဖေဖော်ဝါရီ ၁၉**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်ပြည်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က အဆိုပါတက္ကသိုလ် ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ အရှေ့တိုင်းဘာသာရပ်အသင်းနှင့် ဥပဒေပညာဘာသာရပ်အသင်းတို့ တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားကြရာ ဥပဒေပညာဘာသာရပ်အသင်းက အနိုင်ရရှိသည်။ ယင်းနောက် သင်္ချာဘာသာရပ်အသင်းနှင့် ဓာတုဗေဒဘာသာရပ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရာတွင် သင်္ချာဘာသာရပ်အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်သက်ထွန်း၊ ဒေါက်တာမြင့်မြင့်ခိုင်နှင့် တာဝန်ရှိသူများက ပထမဆုရဗိုလ်စွဲခဲ့သော သင်္ချာဘာသာရပ်အသင်း၊ ဒုတိယဆုရ ဓာတုဗေဒဘာသာရပ်အသင်းနှင့် တတိယဆုရ ဥပဒေဘာသာရပ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ပထမဆုတံခွန်စိုက်ဖလားဆုကို ပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

အဆိုပါဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ ပြည်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ဘာသာရပ်ပေါင်းစုံမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြပြီး ပြည်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ အသင်း ၁၂ သင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

# ပြည်ခရိုင်အတွင်းရှိ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင် စုစုပေါင်း ၉၇ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယ ဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်ဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အဦများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများအား ယခုလို ကြားသိခဲ့ရသည်-

ကျွန်တော်က ဦးသန်းစိုးပါ၊ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ ဘုရားဖူးအဖွဲ့မှ ပါရှိတဲ့သူဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ဟာ ရှင်းလင်းဆောင်ကနေ နေပြည်တော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့ ရှေ့မှာ ဖူးမြော်နေတာ ဖြစ်ပါတယ်။ ဒီလို လာရောက် ဖူးမြော်ခွင့်ရတဲ့အတွက် ကျွန်တော်တို့ရဲ့ ရင်ထဲခံစားမှုကတော့ ဝမ်းသာကြည်နူးမှုဖြစ်ပါတယ်။ စိတ်ချမ်းမြေ့သာယာပါတယ်။ သာသနာအစွန့်ရှည်ရေးအတွက် စိတ်ထဲမှာ အေးသွားပါတယ်။







သာသနာအတွက် ခိုင်မာအောင်၊ တည်မြဲအောင် နိုင်ငံခေါင်းဆောင်တွေက အခုလို ဆောင်ရွက်ထားတဲ့အတွက် အခုလို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ကျွန်တော်တို့လို ကျန်တဲ့အငြိမ်းစားများ၊ လုပ်သားပြည်သူများ ကြီးငယ်မရွေး လာရောက်ဖူးမြော်စေလိုတဲ့အကြောင်း ဒီနေရာကနေ ဖိတ်ခေါ်ပြောကြားလိုပါတယ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့အကြောင်းတွေကို ကျွန်တော်တို့ကို သေသေချာချာ ဂဃနဏ ရှင်းပြလိုက်တဲ့အခါမှာ ဘုရားကြီးကိုကြည်ညိုသဒ္ဓါစိတ်အလွန်ကို ပွားများရပါတယ်။ ဒါ့အပြင် ဒီဘုရားကြီးမှာ ထုဆစ်ထားတာတွေရယ် ဒီဘုရားကြီး အဆင့်ဆင့် ပြုလုပ်ပုံတွေဟာဆိုရင် တကယ်တမ်း လေ့လာကြည့်တဲ့အခါမှာ တော်တော်ကို ထူးထူးခြားခြားလေး စိတ်ဝင်စားစရာကောင်းတယ်ဆိုတာ ဒီမှာပိုပြီးတော့ သိလာရပါတယ်။ ဘုရားကို ရောက်တဲ့အခါမှာလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ လေ့လာတဲ့အခါမှာလည်း ကျောက်စာတွေဟာဆိုရင်လည်း ရှေးခေတ်ကျောက်စာတွေကို ဖော်ဆောင်ထားတယ်ဆိုတာကို လေ့လာခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီဘုရားကိုလာရောက်ပြီးတော့ ပို့ဆောင်ပေးတဲ့ ကျွန်တော်တို့ရဲ့ ပြည်ခရိုင်မှာရှိကြတဲ့ ဝန်ထမ်းအကြီးအကဲတွေရော၊ ညွှန့်ခန်းဆောင်မှာ သေချာစေတနာရှေ့ထားပြီးတော့ ရှင်းလင်းပြသပေးတဲ့ ပုဂ္ဂိုလ်များရော၊ ဘုရားမှာ လာရောက်ပြီးတော့ တွေ့ဆုံမေးမြန်းပေးတဲ့သူတွေကိုလည်း ကျွန်တော်အနေနဲ့ အထူးကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။

ကျွန်မက ပြည်မြို့ကနေ လာရောက်ဖူးမြော်တာပါ။ ကျွန်မ ဒီဘုရားကြီးကို အနေကဇာတင် ကတည်းက တီဗွီမှာ မြင်လိုက်ကတည်းက ဖူးမြော်ချင်နေတာပါ။ ဒီနေ့ အထမြောက်သွားတဲ့အတွက်ကြောင့် ကျွန်မ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘုရားကြီးကို တည်ထားပေးတဲ့ဘုရားတကာနဲ့တာဝန်ရှိသူတွေအားလုံးက ဂေါပကလူကြီးတွေကပါ ထိန်းသိမ်းရှောက်စောင့်ပေးတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒီဘုရားကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက်ကြောင့် အလွန်ကို ပီတိဖြစ်ရပါတယ်။ ဒီဘုရားကြီးက ကမ္ဘာမှာ အကြီးဆုံးထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်တယ်ဆိုတာကို ဂေါပကလူကြီးတွေ ရှင်းပြလိုက်တဲ့အတွက်ကြောင့် ကျွန်မ သိရပါတယ်။ အဲဒီအတွက်လည်း ကျွန်မ ဒီဘုရားကြီးကို ဖူးမြင်ရတဲ့အခါမှာလည်း ကျွန်မအလွန် ပီတိဖြစ် ဝမ်းသာဂုဏ်မိပါတယ်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းကသင်တန်းဖွင့် အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးနှင့် ပရဟိတအဖွဲ့ဝင် တစ်ဦးအား



သင်တန်းဝတ်စုံများ ပေးအပ်ပြီး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ ချမ်းမြသာစည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်နှင့် ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဆန်းတို့က သင်တန်းသားများအား သင်တန်းဝတ်စုံများ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀၊ ပရဟိတအသင်းများမှ ၃၀ စုစုပေါင်း သင်တန်းသား ၁၀၀ဖြင့် ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် မြန်မာနိုင်ငံအတွင်းဖြစ်ပွားကြုံတွေ့လေ့ရှိသော မီးဘေးအပါအဝင် အခြားသော ဘေးအန္တရာယ်များအကြောင်း၊ မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍ၊ အခြေခံကြိုးချည်နည်းများ၊ အမြင့်ပိုင်း/ အနိမ့်ပိုင်းများတွင် ကြိုးဖြင့်အသက်ကယ်နည်းစနစ်များ တောင်ပေါ် အသက်ကယ်နည်းစနစ် ၊ လှိုဏ်မြောင်းအတွင်း အသက်ကယ်နည်းစနစ်၊ ယာဉ်မတော်တဆ ဖြစ်စဉ်များတွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်ခြင်း၊ ငလျင်ကြောင့် ပြိုကျပျက်စီးအစိတ်အပိုင်းများအောက်တွင် ပိတ်မိနေသူများအား ကယ်ဆယ်ရာတွင်အသုံးပြုသည့် Cribbing နည်းစနစ်၊ Air Lifting Bag အသုံးပြုခြင်းနည်းစနစ်၊ ဒေါက်ထောက်ခြင်း/ကျားကန်ခြင်းများ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း)နှင့် လွိုင်လင်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ၊ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ၊ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီး/ပြည်နယ်မန်နေဂျာများနှင့် ခရိုင်မန်နေဂျာများ တက်ရောက်ကြသည်။

**ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ပေးနေ**

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တစ်နှစ်တာကာလအတွင်း လက်ရှိဘဏ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပကတိအခြေအနေများအပေါ် အခြေခံ၍ မှန်မှန်ကန်ကန်သုံးသပ်ပြီး လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် ရည်မှန်းထားသည့် ဦးတည်ချက်များ ပြည့်မီအောင်မြင်ရေးအတွက် ဘဏ်ဝန်ထမ်းများအားလုံးက လက်တွဲညီညီပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် တစ်နိုင်ငံလုံးတွင် ဘဏ်ခွဲပေါင်း ၃၁၁ ဘဏ် ရှိသည့်အနက် လက်ရှိအခြေအနေအရ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိနေသည့်ဘဏ်ခွဲများအတွက် နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများနှင့် ဘဏ်ခွဲများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံ့စီးပွားတိုးတက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်က MSME လုပ်ငန်းရှင်များကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် MSME ရန်ပုံငွေမှ လုပ်ငန်းရှင်များသို့ သက်သာသော အတိုးနှုန်းဖြင့် အရည်အသွေးပြည့်မီသော ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေးဘဏ်လုပ်ငန်းအနေဖြင့် ပို့ကုန်/သွင်းကုန်ဆိုင်ရာငွေပေးချေမှုများ လွယ်ကူချောမွေ့စေရန် ယွမ်/ကျပ်၊ ဘတ်/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အသုံးပြုလျက်ရှိပြီး၊ မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် အသုံးပြုဆောင်ရွက်နိုင်ရေးကို ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ Core Banking စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းစနစ်ကိုလည်း တိုးချဲ့ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ Centralized e-Pension စနစ်ကို ယခုဘဏ္ဍာရေးနှစ်တွင် ဘဏ်ခွဲပေါင်း ၆၇ ဘဏ်၌ အသုံးပြုလာနိုင်ပြီဖြစ်၍ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာများကို Centralized e-Pension စနစ်ဆောင်ရွက်နေသည့် ဘဏ်ခွဲများတွင် ဝန်ဆောင်ခအခမဲ့ဖြင့် အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်သည့်အတွက် မြန်မာ့စီးပွားရေးဘဏ်၏ ကြိုးစားအားထုတ်မှုနှင့် ဝန်ထမ်းများက စေတနာထား ဆောင်ရွက်ပေးနေမှုများကို အသိအမှတ်ပြုပါကြောင်း။

**ကြိုတင်မျှော်တွေးဆောင်ရွက်**

သမားရိုးကျဘဏ်လုပ်ငန်းစနစ်မှ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိရာတွင် မသမာသူအချို့က မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် မသမာမှုများနှင့် ငွေကြေးလိမ်လည်မှုများကို ပြုလုပ်နေကြသဖြင့် ယင်းသို့ လုပ်ဆောင်မှုများကို စိစစ်တွေ့ရှိရပါက ချက်ချင်းဖော်ထုတ်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ ဝန်ထမ်း၊ ငွေကြေး၊ စာရင်းဇယားလုံခြုံရေးတို့မှာ အရေးကြီးသည့်အတွက် သတင်းအချက်အလက်ရယူရေးနှင့် ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေးတို့အတွက် အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုများ အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရေးကို ကြိုတင်မျှော်တွေး ဆောင်ရွက်ကြရန် မှာကြားသည်။

**ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပသွားမည်**

နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို နှစ်စဉ်ပြုလုပ်လျက်ရှိရာ ယခုနှစ်ဆွေးနွေးပွဲကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကဏ္ဍအလိုက်ဆွေးနွေးမှုများအပြင် စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ထူးချွန်မှုများအတွက် ဆုချီးမြှင့်မှုများအပါအဝင် ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**သာယာဝတီ ဖေဖော်ဝါရီ ၁၉**

သာယာဝတီမြို့နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့နယ် ဝွေးချောင်းကျေးရွာအုပ်စုရှိ တစ်ကွင်းတစ်ဆက်တည်း အထွက်နှုန်းကောင်း နွေစပါး ဧက ၁၅၀ စုပေါင်းခတ်မြေသြဇာ ကြဲပက်နေမှုနှင့် သမန်းနှီးခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာရှိ ဦးရဲလင်းစိုး၏ “ပြည်ကျော်” တန် ၈၀ ကျဆန်စက်၌ ပဲခူးတိုင်းဒေသကြီး၏ စက်မှုထုတ်ကုန်တစ်ခုဖြစ်သော Gasifier စွန့်ပစ်စပါးခွံသုံး လျှပ်စစ်ခါတ်အားပေးစက်ဖြင့် ဆန်စက်လည်ပတ်နေမှုနှင့် စပါးအခြောက်ခံစက်လည်ပတ်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်ဝိုင်းကျေးရွာအုပ်စုရှိ ဦးခင်မောင်လွင်၏ အစေ့ထုတ်ပြောင်း စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား တွင်တွင်ကျယ်ကျယ် စိုက်ပျိုးနိုင်ရေး စည်းရုံးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ သာယာဝတီခရိုင်အတွင်း ယခင်နှစ်က အစေ့ထုတ်ပြောင်း မြေဧရိယာ ၈၉၈၁ ကေသာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စိုက်ပျိုးရေရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် သီးထပ်စွမ်းအား တိုးတက်လာပြီး အစေ့ထုတ်ပြောင်း ၃၉၁၂၄ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် သုံးဆယ်မြို့တွင်း တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ရာ ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံက တံတားတည်ဆောက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြခဲ့မှုပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရေး ရောင်ပြန် အမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များ ပြည့်စုံစွာချထားရန် မှာကြားခဲ့ပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အင်္ဂပူမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**အင်္ဂပူ ဖေဖော်ဝါရီ ၁၉**

အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယနေ့နံနက်က မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး ဟင်္သာတခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကျော်မိုးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကို အသုံးပြု၍ မဲပေးမှုအဆင့်ဆင့်အား ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၈၃ခုမှ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကာ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြပြီး သက်ဆိုင်ရာ ခရိုင် / မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# သတင်းအဆိပ်သင့်မှုအန္တရာယ်သည် မိမိတို့၏ နေ့စဉ်လူမှုစီးပွားဘဝကို များစွာသက်ရောက်နေပြီး အမှားများစွာဖြစ်ပေါ်လာနိုင် နိုင်ငံတော်တည်ဆောက်ရေးတာဝန်ထမ်းဆောင်နေကြသူများသည် မီဒီယာ၏တန်ဖိုးကိုနားလည်ပြီး ကောင်းစွာအသုံးချတတ်ရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ ရတနာသိင်္ခခန်းမ၌ တားဆီးကာကွယ် မီဒီယာအဆိပ်သင့် အန္တရာယ်နှင့် နိုင်ငံတော် တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် သင်တန်းသား သင်တန်းသူများအား ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တားဆီးကာကွယ်မီဒီယာအဆိပ်သင့်အန္တရာယ်နှင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် သင်တန်းသား သင်တန်းသူများအား ဆွေးနွေးပြောကြားစဉ်။

ဦးစွာ တားဆီးကာကွယ် မီဒီယာ အဆိပ်သင့်အန္တရာယ်နှင့် နိုင်ငံတော် တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍ မှတ်တမ်း ဗီဒီယိုများကို ပြသသည်။

**ဝန်ထမ်းကောင်းများဖြစ်အောင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ယနေ့ခေတ်သည် နည်းပညာဖွံ့ဖြိုးတိုးတက်သည့် ခေတ်ဖြစ်သည့်အလျောက် နိုင်ငံ့ဝန်ထမ်းဖြစ်သည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ဖြစ်ပေါ်လာသည့် နည်းပညာသစ်များနှင့် မျက်ခြည်မပြတ်ရန် လိုအပ်ပါကြောင်း၊ စွမ်းဆောင်နိုင်သူအတွက်ကြီးလေးသော တာဝန်ဟူသည်မရှိ ဆိုသည့် စကားရပ်အတိုင်း မိမိတို့၏ ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်သည့်၊ ပြည်သူက တန်ဖိုးထားလေးစားအားကိုးရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းများသာမက တိုင်းပြည် တည်ဆောက်ရေး လုပ်ငန်းများကိုပါ ဆောင်ရွက်နေကြသည့် ဝန်ထမ်းကောင်းများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွင်းဖြစ်ပေါ်နေသော သတင်းအမှန်များကို သိရှိနားလည်ပြီး ၎င်းသတင်းအမှန်များကို အခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူလူထု နေ့စဉ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုကြိုးပမ်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ် ခေတ်တွင် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ပညာရပ်သည် သတင်းမှားများကို တိုက်ဖျက်ရန်အတွက် မရှိမဖြစ် လိုအပ်သော ယန္တရားတစ်ခုဖြစ်ပြီး လူငယ်အချို့က သတင်းတု၊ သတင်းမှားများအပေါ် စိစစ်နိုင်မှု အားနည်းသည့်အတွက် သတင်းအချက်အလက်မှားများ၏ သွေးဆောင်ဖြားယောင်းမှုကို ခံနေရခြင်းပင် ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း သတင်းတု၊ သတင်းမှားများကို နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် ချက်ချင်းတုံ့ပြန် ဖြေရှင်းပေးနေသလို ပြည်တွင်း၊ ပြည်ပ မီဒီယာသမားများနှင့်လည်း တွေ့ဆုံကာ သတင်းစာ ရှင်းလင်းပွဲများ အကြိမ်ကြိမ် ပြုလုပ်ပေးခဲ့ပါကြောင်း။

**မီဒီယာကိုထိရောက်စွာအသုံးပြု**

နိုင်ငံတော်တည်ဆောက်ရေးတွင် မီဒီယာကို ထိရောက်စွာ အသုံးပြုပါက နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးကဏ္ဍများတွင် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိနားလည်သဘောပေါက်စေရန် မီဒီယာနည်းလမ်းဖြင့် ပုံ့နှံ့အောင်ဆောင်ရွက်နိုင်မှုကြောင့် ပြည်သူတစ်ရပ်လုံး ယုံကြည်လက်ခံလာပြီး အားတက်သရော ပါဝင်လုပ်ဆောင်ကြမည်ဖြစ်သလို သဘာဝဘေးအန္တရာယ်ကဲ့သို့ ထူးခြားသည့် အခြေအနေများကိုလည်း ကြိုတင်ကာကွယ်ရေးမှစပြီး ထိခိုက်မှု အနည်းဆုံးဖြစ်အောင် မီဒီယာနည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနသည် နှုပျိုသစ်လွင်၍ ခေတ်မီသော မူဝါဒဖြင့် ပြည်သူလူထုသို့ ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် မူဝါဒ (၃) ရပ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ယခုကဲ့သို့ လာရောက်ဆွေးနွေး ပြောကြားခြင်းသည် အသိပညာပေးရန် ဟူသည့် ဝန်ကြီးဌာန၏ တာဝန်တစ်ရပ်ပင် ဖြစ်ပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် မီဒီယာနည်းလမ်း၊ ပြည်သူ့ဆက်ဆံရေး နည်းလမ်းကောင်းများဖြင့် နိုင်ငံတော်နှင့်ပြည်သူများ အကျိုးရှိစေရေးကို ဆောင်ရွက်ရမည်မှာ မိမိတို့ ဝန်ကြီးဌာန၏ တာဝန်ပင်ဖြစ်ပါကြောင်း။

နေ့စဉ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက် အမှန်များ သိရှိရန် လိုအပ်ပါကြောင်း၊ သတင်းအဆိပ်သင့်မှုအန္တရာယ်သည် မိမိတို့၏ နေ့စဉ် လူမှုစီးပွားဘဝကို များစွာ သက်ရောက်နေပါကြောင်း၊ သတင်းအမှားများကို နားယောင်ပြီး ဆုံးဖြတ်ချက်အမှား၊ ရည်ရွယ်ချက်အမှား၊ စေတနာအမှားစသည့် အမှားများစွာဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ယနေ့ နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများသည် ဆင်ခြင်တုံတရားကင်းမဲ့၍ ဖြစ်ပေါ်လာခြင်း ဖြစ်ပါကြောင်း၊ သင်တန်းသားများသည် နိုင်ငံတော်တည်ဆောက်ရေးတာဝန်ထမ်းဆောင်နေကြသူများဖြစ်သည့်အတွက် မီဒီယာ၏ တန်ဖိုးကို သိရှိနားလည်ပြီး ကောင်းစွာ အသုံးချတတ်ရန် လိုအပ်ပါကြောင်း။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပြည်သူ့စစ်မှုထမ်း ဥပဒေအာဏာတည်သည့် နေ့ရက် သတ်မှတ်ခဲ့ပါကြောင်း၊ ယင်း ပြည်သူ့စစ်မှုထမ်း ဥပဒေမှာ ယခုမှ အသစ်ပြဋ္ဌာန်းလိုက်သည့် ဥပဒေမဟုတ်သည်ကို အားလုံး သိရှိပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုဥပဒေနှင့် ပတ်သက်၍ ကောလာဟလများ ထုတ်လွှင့်လျက်ရှိသည့်အတွက် အနည်းငယ် ရှင်းလင်းပြောကြားလိုပါကြောင်း။

မိမိတို့ နိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ယခုပြဋ္ဌာန်းလိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အကျုံးဝင်မည့်၊ အကျုံးဝင်နိုင်သည့် လူဦးရေ စုစုပေါင်း ၁၃ သန်း နီးပါးရှိပါကြောင်း၊ ထို ၁၃ သန်းလုံးကို တစ်ပြိုင်နက်တည်း စစ်မှုထမ်းဆောင်စေမည် မဟုတ်ပါကြောင်း၊ လူဦးရေ ၁၃ သန်းအနက် အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇ သန်းတွင် အမျိုးသမီးများကို ထည့်မတွက်ဘဲ အမျိုးသားများကိုသာ ထည့်တွက်ပါက လူဦးရေ ၆ ဒသမ ၃ သန်း၏ တစ်ရာခိုင်နှုန်းဆိုလျှင် ခြောက်သောင်းသုံးထောင်ရှိပြီ ဖြစ်ပါကြောင်း၊ နှစ်ရာခိုင်နှုန်းဆိုလျှင် တစ်သိန်းနှစ်သောင်းရှိပါကြောင်း။

တစ်ဆယ်ရာခိုင်နှုန်းဆိုပါက လူဦးရေ ၆ သိန်းရှိပြီး ဤမျှလူဦးရေ မလိုနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ရပ်ကွက် / ကျေးရွာပေါင်း ၆ သောင်းရှိရာ ရပ်ကွက်/ ကျေးရွာ တစ်ခုတွင် စစ်မှုထမ်းဆောင်ရန် တစ်ဦးထက် သို့မဟုတ် နှစ်ဦးထက် ပိုစရာ မရှိပါကြောင်း။

**နိုင်ငံသားအားလုံးတတ်မြောက်ရန်**

မိမိတို့ ယင်းဥပဒေကို စတင်အသက်ဝင်အောင် လုပ်ရခြင်းမှာ ရေရှည်အားဖြင့် နိုင်ငံတော်ကို ကာကွယ်နိုင်သည့် စွမ်းရည်၊ နိုင်ငံတော်ကို ကာကွယ်နိုင်သည့် စွမ်းအား၊ နိုင်ငံတော်ကို ကာကွယ်နိုင်သည့် ပညာကို နိုင်ငံသားအားလုံး တတ်မြောက်သွားရန် လိုအပ်သည့်အတွက် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးသည် တပ်မတော်တစ်ခုတည်းတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ကို သိရှိနားလည်စေလိုပါကြောင်း။

သင်တန်းသား သင်တန်းသူ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် သင်တန်းပြီးဆုံးပြီး မိမိတို့၏ လုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိသည့်အခါ ဤတက္ကသိုလ်ကြီးမှ ပို့ချသော နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဘာသာရပ်များသာမက မိမိတို့ သိရှိ တတ်မြောက်ကျွမ်းကျင်ထားသော ပညာရပ်များ၊ အသိပညာ ဗဟုသုတများကိုပါ ကောင်းမွန်စွာ အသုံးချ၍ ပြည်သူလူထုအပေါ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလုပ်အကျွေးပြုရမည်ဖြစ်ပြီး မိမိတို့၏ အလုပ်တာဝန်သာမက စေတနာ၊ မေတ္တာဖြင့်ပါ နိုင်ငံတော်တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ တက်ရောက်နေသော သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသို့တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူများအား MRTV DTH စလောင်းငါးစုံနှင့် DVB T2 Set Top Box

*စာမျက်နှာ ၉ သို့*

# မြန်မာ - တရုတ် နှစ်နိုင်ငံ ဗဟိုအစိုးရများအကြား တောမီးအန္တရာယ်ဆိုင်ရာ ပူးတွဲကာကွယ်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းစည်းဝေး



နေပြည်တော် ဖေဖော်ဝါရီ ၁၉

**မြန်မာ-တရုတ် နှစ်နိုင်ငံဗဟိုအစိုးရများအကြား တောမီးအန္တရာယ်ဆိုင်ရာ ပူးတွဲကာကွယ်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ညှိနှိုင်းအစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဥက္ကဋ္ဌ-၁ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဥက္ကဋ္ဌ-၂ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကဏ္ဍအလိုက်ဆွေးနွေးပေး

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသအတွင်း hotspot အရေအတွက်နှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးအတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်ကို ၂၀၀၃ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှု လျော့နည်းစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်း တရုတ်နိုင်ငံနှင့်လည်း နှစ်နိုင်ငံ အစိုးရများအကြား တောမီးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်ရန်အတွက် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက် (၅) ချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် တောမီးလောင်ကျွမ်းမှု ကာကွယ်ရေး၊ တောမီးငြိမ်းသတ်ရေးနှင့်ကယ်ဆယ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေး၊ တောမီးအန္တရာယ် တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ကဏ္ဍအလိုက် ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

### စီမံကိန်းများချမှတ်ဆောင်ရွက်

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ-၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နှစ်စဉ်တောမီးလောင်ကျွမ်းမှုကြောင့် စိုက်ပျိုးသီးနှံနှင့် မြေဆီလွှာပျက်စီးမှု အခြေအနေများ၊ တောမီးလောင်ကျွမ်းမှုကို အဓိကဖြစ်ပေါ်စေသော ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေးအတွက် အသိပညာပေးခြင်းနှင့် လက်တွေ့ အသုံးချဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာ-တရုတ် နယ်စပ်တစ်လျှောက်ရှိ တောင်သူများ အသိပညာပေးခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ အသုံးပြု၍ သဘာဝဓာတ်မြေဩဇာ၊ ဇီဝလောင်စာ၊ ဇီဝဓာတ်ငွေ့စသည်ဖြင့် ပြန်လည်အသုံးချနိုင်ရေးအတွက် နည်းပညာနှင့် စက်ပစ္စည်းကိရိယာများ အကူအညီပေးရေး၊ နယ်စပ်ဒေသနေပြည်သူများ၏ ယာမီးရှို့မှုစနစ် ပပျောက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက တောမီးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်ရန်နှင့် လျော့နည်းသက်သာစေရန် အစီအမံများရေးဆွဲသွားရေးနှင့် ကော်မတီဝင်များက မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားရမည့် အခြေအနေများ၊ မီးဘေးအန္တရာယ် အပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအတွက် ထောက်ပံ့ကူညီမှုများ၊ သဘာဝဘေး အသိပညာပေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

### ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်နေမှုတင်ပြ

ဆက်လက်၍ ကော်မတီအတွင်းရေးမှူးက လုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရနှစ်ခုအကြား တောမီးလောင်ကျွမ်းမှုကာကွယ်ရေးနှင့် ငြိမ်းသတ်ရေးဆိုင်ရာ လုပ်ငန်းအဆင့် အွန်လိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

### ဆွေးနွေးဆုံးဖြတ်

အစည်းအဝေးတွင် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအနေဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန်နှင့် Contact Person ထားရှိရန်၊ မီးဘေးအန္တရာယ်ကာကွယ်ခြင်းနှင့်ပတ်သက်သည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် နည်းပညာဆိုင်ရာ သင်တန်းများအား ပူးပေါင်းဆောင်ရွက်ရန်နှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန်၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လေ့လာဆန်းစစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြင်ဆင်ဖြည့်စွက်ရန်အချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

အလုံး ၁၀၀ ကို ကံစမ်းမဲဖောက်၍ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဖောင်ကြီးမှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် သင်တန်း တက်ရောက်နေသော အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ် (၁၁)၊ အရာထမ်းအခြေခံ သင်တန်းအမှတ်စဉ် (၂၁၉)၊ စာရေးဝန်ထမ်း ကြီးကြပ်သင်တန်း အမှတ်စဉ်(၉၄) နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၂၀၈) တို့မှ နိုင်ငံ့ဝန်ထမ်း သင်တန်းသား သင်တန်းသူဦးရေ စုစုပေါင်း ၈၆၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ သင်တန်း အမှတ်စဉ်အလိုက် ရက်သတ္တ (၄ ပတ်မှ ၁၆ ပတ်) အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ အလုပ်သမား ဥပဒေစစ်ဆေးရေးဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ အလုပ်သမားဥပဒေစစ်ဆေးရေးဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက် အမှာစကားပြောကြားသည်။



အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အုပ်စုဖွဲ့၍စကားဝိုင်းဆွေးနွေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းတွင် ဦးစီးဌာနမှ စစ်ဆေးစည်းကြပ်သည့် ဥပဒေ၊ နည်းဥပဒေများမှ အလုပ်သမားရေးရာ ရပိုင်ခွင့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ၊ CMP လုပ်ငန်းဆောင်ရွက်မှုများ၊ မိတ်ဖက် ဦးစီးဌာနများမှ စစ်ဆေးစည်းကြပ်သည့်ဥပဒေ၊နည်းဥပဒေများအပြင် သင်တန်းသားများကို အုပ်စုဖွဲ့၍ ဥပဒေဆိုင်ရာ Presentation ပြုလုပ်ခြင်းနှင့် သင်တန်းသားများအား အုပ်စုဖွဲ့၍ ဥပဒေဆိုင်ရာ စကားဝိုင်းဆွေးနွေးခြင်း (Panel Discussion) စသည်တို့ကို ထည့်သွင်း ရေးဆွဲထားသည့်အပြင် စက်ရုံ၊ အလုပ်ရုံများသို့ လက်တွေ့ ကွင်းဆင်းစစ်ဆေးခြင်း အစီအစဉ်များ ထည့်သွင်းထားကြောင်း။

### ဥပဒေ၊ နည်းဥပဒေလေ့လာ

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုရှိစေရန် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် (Institutional Capacity)၊ တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည် (Individual Capacity) ကို တည်ဆောက်နေရဆဲကာလဖြစ်သည်နှင့်အညီ ဦးစီးဌာနရှိ စစ်ဆေးရေးအရာရှိများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန် ယခုကဲ့သို့ ဘာသာရပ်ဆိုင်ရာ အထူးပြုသည့် မွမ်းမံသင်တန်းကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတွင်ပို့ချသည့် အကြောင်းအရာများကို လေ့လာမှတ်သားပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးချသွားရန်နှင့် ဦးစီးဌာနမှ စစ်ဆေး စည်းကြပ်နေသည့် အလုပ်သမားဥပဒေ၊ နည်းဥပဒေများကိုလည်း လေ့လာကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သင်တန်းအထောက်အကူပြု ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

### သင်တန်းကာလခုနစ်ရက်

သင်တန်းသို့ စစ်ဆေးရေး တာဝန် ထမ်းဆောင်နေသည့် အရာထမ်း ၃၅ ဦး In House Training System ဖြင့် တက်ရောက်ကြပြီး သင်တန်းကာလ ခုနစ်ရက်အတွင်း အလုပ်သမားဥပဒေ စစ်ဆေးရေးနည်းလမ်းများနှင့် စစ်ဆေးရေးလုပ်ငန်းစဉ်များ၊ ဦးစီးဌာနမှ စစ်ဆေးစည်းကြပ်သည့် ဥပဒေ၊ နည်းဥပဒေများပါ ရပိုင်ခွင့်ကိစ္စရပ်များ၊ တရားစွဲဆို အရေးယူဆောင်ရွက်မှုများ၊ အခွန်အမှု ဖြေရှင်းဆောင်ရွက်မှုများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာတိုးတက်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့

------- မောင်သောင်းဝင်း (တမန်ဟောင်း) -------

**နိုင်ငံသားတိုင်း၏ အခြေခံစိတ်ဓာတ်တွင် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လိုသော စိတ်ဆန္ဒများရှိကြပါသည်။ သို့သော် တည်ငြိမ်အေးချမ်းမှုရှိနေမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ဘဝလုံခြုံရေးအတွက် ကာကွယ်ရေးအင်အားတောင့်တင်းရန် လိုအပ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ရှိသေခံညားလောက်သည့် ကာကွယ်ရေး အင်အားရှိနေမှသာလျှင် ပြည်တွင်း ပြည်ပအဖျက်သမားများနှင့် လက်နက်ကိုင်အကြမ်းဖက်သမားများကို ဟန့်တားချေမှုန်းနိုင်မည်ဖြစ်သည်။**

> ❖ တိုင်းပြည်၏ ကာကွယ်ရေးစွမ်းအားနှင့် ပြည်သူလူထု၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စွမ်းရည်များကိုလည်း ပြသနိုင်မည်ဖြစ်သည်။ ထိုသို့ပြသနိုင်မည်ဆိုလျှင် ပြိုင်ဘက်ရန်သူများကို ဟန့်တားနိုင်သည့် မဟာဗျူဟာအောင်မြင်ပြီး စစ်ကိုလည်း ဟန့်တားနိုင်သည့် စွမ်းဆောင်ရည်များ ရှိလာမည်ဖြစ်
>
> ❖ နိုင်ငံတော် လုံခြုံရေးအတွက် အခြေအနေများကိုလည်း ဖန်တီးသွားနိုင်မည် ဖြစ်သည်။ အထူးသဖြင့် ပြည်သူအားလုံးသည် စစ်မှုထမ်းစနစ်နှင့် အကျုံးဝင်နေသည့်အတွက် စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး ပိုမိုကောင်းမွန်လာမည်မှာ အသေအချာပင်ဖြစ်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ ပြည်သူ့စစ်မှုထမ်း ဥပဒေ စတင်အာဏာတည်ကြောင်း သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်မှုနှင့် စပ်လျဉ်း၍ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေလိုသူများနှင့် ပြည်ဖျက်မီဒီယာများသည် လူမှုကွန်ရက်စာမျက်နှာများတွင် အမျိုးမျိုး ဝေဖန်ရေးသားလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံသားတစ်ဦး၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုစိတ် မရှိသူများ၊ တစ်နည်းအားဖြင့် မျိုးချစ်စိတ်ဓာတ်ခေါင်းပါးသူများက ပြည်သူများအကြား အထင်အမြင်လွဲမှားအောင် နှုတ်ကြောင်းပေး ရေးသားလာကြသည်။ ဤသည်မှာ ပြည်ဖျက်မီဒီယာများ၏ လုပ်ရိုးလုပ်စဉ်ပင် ဖြစ်သည်။ အထူးအဆန်းတော့မဟုတ်ပေ။ ပြည်သူများအနေဖြင့် ချင့်ချိန်နိုင်စွမ်းရှိမည်ဟု ထင်ပါသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့သည် ကာကွယ်ရေး အင်အားချည့်နဲ့သော နိုင်ငံငယ်များကို လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အကြောင်းပြချက်များဖြင့် စစ်ဆင်ရေးများ ဆင်နွှဲပြီး ၎င်းတို့ မနှစ်သက်သည့်အစိုးရများကို ဖြုတ်ချကာ ရုပ်သေးအစိုးရများ တင်မြှောက်လျက် ကြိုးကိုင်ခြယ်လှယ်လေ့ရှိကြသည်။ ထို့ကြောင့် တိုင်းပြည်ကာကွယ်ရေးအင်အား တောင့်တင်းနေမှသာလျှင် ပြည်တွင်းရှိအကြမ်းဖက်သမားများနှင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်လိုသူများကို ဟန့်တားနိုင်စွမ်းရှိမည်ဖြစ်သည်။ ထိုသို့ကာကွယ်ရေး အင်အားတောင့်တင်းရန်သည် ပြည်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများစွာလိုအပ်လျက်ရှိသည်။

**နိုင်ငံတကာတွင်လည်းကျင့်သုံး**

စင်စစ်အားဖြင့် ပြည်သူ့စစ်မှုထမ်း ဥပဒေကို မြန်မာနိုင်ငံတွင်သာ ပြဋ္ဌာန်းနေခြင်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများစွာတွင်လည်း ကျင့်သုံးလျက်ရှိသည်။ သာဓကအနေဖြင့် အရှေ့တောင်အာရှဒေသနိုင်ငံများဖြစ်သည့် စင်ကာပူ၊ မလေးရှား၊ လာအို၊ ထိုင်းနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများဖြစ်သည့် တောင်ကိုရီးယားနှင့် ဩစတြေးလျနိုင်ငံတို့တွင်လည်း ကျင့်သုံးလျက်ရှိသည်။ အဆိုပါနိုင်ငံများ၌ နိုင်ငံသားတိုင်းသည် အသက် ၁၈ နှစ်ပြည့်သည့်အချိန်တွင် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံသို့ သတင်းပို့ကြရသည်။ အချိန်မီသတင်းပို့ခြင်းမရှိလျှင် သက်ဆိုင်ရာက မိဘအုပ်ထိန်းသူများထံသို့ အကြောင်းကြားလေ့ရှိသည်။

**နိုင်ငံသားတိုင်း၏တာဝန်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိသည်။

အလားတူပြည်သူ့စစ်မှုထမ်းဥပဒေ၏ နိဒါန်းပိုင်းတွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း" ဖော်ပြပါရှိသည်။

**ပြည်သူ့စစ်မှုထမ်းဥပဒေ**

ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အခန်း ၈ ခန်း ပါရှိသည်။ အခန်း (၁) တွင် စစ်မှုထမ်းရမည့်ကာလနှင့် အသက်အရွယ်တို့ ပါရှိသည်။ စစ်မှုထမ်းရမည့်အသက်အရွယ်နှင့်စပ်လျဉ်း၍ အမျိုးသားသည် အသက် (၁၈) နှစ်ပြည့်ပြီး (၃၅) နှစ် မကျော်လွန်သေးသူ၊ အမျိုးသမီးဆိုလျှင် အသက် (၁၈) နှစ်ပြည့်ပြီး (၂၇) နှစ် မကျော်လွန်သေးသူများ ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်များဆိုလျှင် အမျိုးသားသည် အသက် (၁၈) နှစ်ပြည့်ပြီး (၄၅) နှစ် မကျော်လွန်သေးသူ၊ အမျိုးသမီးသည် အသက် (၁၈) နှစ်ပြည့်ပြီး (၃၅) နှစ် မကျော်လွန်သေးသူများ ဖြစ်သည်။ စစ်မှုထမ်းဆောင်ရမည့်ကာလသည် နှစ်နှစ်ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်သည် သုံးနှစ်ဖြစ်သည်။ ဆိုရလျှင် နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အချိန်နှစ်နှစ် လောက်သာပေးရခြင်းသည် မပြောပလောက်သောကာလတိုလေးသာ ဖြစ်သည်။ စစ်မှုထမ်းဆောင်ခြင်းအားဖြင့် ဘဝ တိုးတက်အောင်မြင်မှုအတွက် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများစွာကိုလည်း ရရှိစေနိုင်မည်ဖြစ်သည်။

**လွတ်လပ်ရေးကြိုးပမ်းစဉ်ကတည်းက**

ရှေးယခင်ကတည်းကပင် မြို့၊ ရွာများအလိုက် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ခဲ့ကြသည်။ တိတိကျကျဆိုရလျှင် မျိုးချစ်စိတ်ဓာတ်ရှိသော နိုင်ငံသားတိုင်းသည် လွတ်လပ်ရေးကြိုးပမ်းစဉ်က ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) တွင် ဝင်ရောက်ကာ စစ်မှုထမ်းခဲ့ကြသည်။ ထိုစဉ်က ပြည်သူများ တဖွဲဖွဲဝင်ရောက်စစ်မှုထမ်းခဲ့ကြသဖြင့် BIA သည် ခြောက်လအတွင်း အင်အား ၅၀၀၀၀ ကျော်အထိ ရှိလာခဲ့သည်။ ထိုစဉ်က ဂျပန်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ နေ့ချင်းညချင်း အင်အားကြီးထွားလာမှုအပေါ် စိုးရိမ်မကင်းပင်ဖြစ်ခဲ့ရသည်။ အမှန်တော့ တပ်မတော်အင်အား တောင့်တင်းခိုင်မာလာသောကြောင့် နယ်ချဲ့တို့ထံမှ လွတ်လပ်ရေး အရယူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

**ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးရန်လို**

ထို့နောက် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှုများနှင့် ပြည်ပကျူးကျော်သူ တရုတ်ဖြူကူမင်တန်တို့ကို နှိမ်နင်းရာတွင် ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးခဲ့သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးရိုးမဒေသများတွင် ပြည်တွင်းသောင်းကျန်းသူများကို အမြစ်ပြတ်ချေမှုန်းနိုင်ခဲ့သည်။

အလားတူ လက်ရှိအချိန်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကယားပြည်နယ်အပါအဝင် တချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် PDF အကြမ်းဖက်သမားများနှင့် တချို့သော EAO များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ထိုသို့သောအခြေအနေမျိုးတွင် ပြည်ဖျက်အကြမ်းဖက်သမားများကို ပြည်သူအားလုံးပါဝင်မှုဖြင့် ချေမှုန်းသွားရန် လိုအပ်လာပြီဖြစ်သည်။ အထူးသဖြင့် အမျိုးသားစစ်မှုထမ်းစနစ်ကို မဖြစ်မနေ ကျင့်သုံးသွားရန် လိုအပ်လာပြီဖြစ်သည်။ နိုင်ငံတကာတွင်လည်း လိုအပ်ပါက ပြည်သူ့စစ်မှုထမ်းစနစ်ထက်မြင့်သည့် စစ်စည်းရုံးမှုအထိပင် လုပ်ဆောင်လေ့ရှိကြသည်။

**ပူးပေါင်းဆောင်ရွက်ရန်လို**

ဆိုရလျှင် တိုင်းပြည်အတွင်းရှိသည့် နိုင်ငံ့စွမ်းအားစုအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းသည် အမျိုးသားစစ်မှုထမ်းစနစ် (National Service) ပင်ဖြစ်သည်။ အမျိုးသား စစ်မှုထမ်းစနစ်သည် နိုင်ငံတော် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်ရသည့် စီမံချက် (Long Term Plan) တစ်ခုပင်ဖြစ်သည်။ အမှန်တော့ နိုင်ငံတော်၏ စီးပွားရေးစွမ်းအား (Economic Might)နှင့် ကာကွယ်ရေးစွမ်းအား (Military Might) တို့ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပေသည်။

**အကျိုးကျေးဇူးများစွာ**

စင်စစ်အားဖြင့် ပြည်သူ့စစ်မဟာဗျူဟာသည် တပ်မတော်နှင့် ပြည်သူအကြား ပေါင်းကူးတံတားပင်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် တပ်မတော်နှင့် ပြည်သူတို့အကြား ဆက်နွှယ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာလာစေမည်ဖြစ်သည်။ အထူးသဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများအပါအဝင် စစ်ကို ဟန့်တားနိုင်သော စွမ်းဆောင်ရည် (Deterrence Power) များ ပိုမိုရရှိလာမည် ဖြစ်သည်။

ထို့ပြင် တိုင်းပြည်၏ ကာကွယ်ရေးစွမ်းအားနှင့် ပြည်သူလူထု၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာစွမ်းရည်များကိုလည်း ပြသနိုင်မည်ဖြစ်သည်။ ထိုသို့ပြသနိုင်မည်ဆိုလျှင် ပြိုင်ဘက်ရန်သူများကို

*စာမျက်နှာ ၁၁ သို့*

> **နိုင်ငံသားတိုင်းသည် စစ်ပညာသင်ကြားပြီးချိန်တွင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာသူများအား အမြစ်ပြတ် ချေမှုန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံသားများအကြား တိုင်းပြည် ချစ်စိတ်၊ နိုင်ငံတော်ကာကွယ်လိုစိတ်များ ကိန်းအောင်းလာမည် ဖြစ်သည်။ အထူးသဖြင့် လူငယ်များကြားတွင် အမျိုးသားရေး စိတ်ဓာတ်နှင့် အမျိုးသားရေးသွေးစည်းညီညွတ်မှု တည်ဆောက် သွားမည်ဆိုသောစိတ်ဓာတ်များ ကိန်းအောင်းလာမည်ဖြစ်**

# မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆွေးနွေးပွဲများ ကျင်းပ

**တိုင်းဒေသကြီးပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိသဘောပေါက်နားလည်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းကာ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဟောပြောပွဲများ ကျင်းပဆောင်ရွက်နေမှုကို စုစည်းဖော်ပြအပ်ပါသည်–**

## မင်းဘူး

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၁၈ ရက်က မင်းဘူးမြို့ နဂါးပွက်တောင် မဟာအတုလတိလောက ရာဇမုနိဆုတောင်းပြည့် ဘုရားဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဇင်မာဦးက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ အမိန့်ကြော်ငြာစာများ၊ အသိပေးထုတ်ပြန်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်နှင့် ကန့်သတ်ချက်များ၊ စစ်မှုထမ်းရမည့်ကာလ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းများ၊ လုပ်ငန်းတာဝန်များ၊ စစ်မှုထမ်းသူ၏ ခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ရဲမှူးလှိုင်ဝင်းက လတ်တလောထွက်ပေါ်နေသည့် ကောလာဟလများ၊ သတင်းအတုသတင်းအမှားများနှင့်ပတ်သက်ပြီး သတင်းအမှန်များကို တိတိကျကျနှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် သဘောပေါက်နိုင်စေရန် အသိပညာပေးဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ အသိပညာ ပေးရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများအကြောင်း၊ မီဒီယာအချို့၏ ကောလာဟလ လုပ်ကြံသတင်းများကြောင့် စိုးရိမ်ကြောင့်ကြဖြစ်ရန် မလိုကြောင်းနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအနေဖြင့် လူဦးရေစာရင်းများကို မှန်ကန်မှုရှိ အောင် ပြုစုထားရှိရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ ယင်းနောက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မေးမြန်းသည်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရှင်းလင်း ဆွေးနွေးသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များ အင်အား ၂၀၆ ဦး တက်ရောက်ခဲ့ကြသည်။

**နေအောင်(ပြန်/ဆက်)**

## စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ သိရှိနားလည်စေရန် အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ဆင်ဖြူကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်က နိုင်ငံသားတိုင်း ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ရဲမှူးအောင်သူနှင့် ဥပဒေအရာရှိ ဦးရန်အောင်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်လွင် (စလင်း)**



## သဲကုန်း

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိနားလည်နိုင်စေရန်အတွက် မြကေသီလမ်းနှင့်သဲကုန်းမြို့အဝင်ဂိတ်များတွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းစကား လက်ကမ်းစာစောင်များကို ဖေဖော်ဝါရီ ၁၉ ရက်က အခမဲ့ ဖြန့်ဝေပေးသည်။

အဆိုပါသတင်းစကားလက်ကမ်းစာစောင်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ စစ်မှုထမ်းရမည့် အသက်အရွယ်၊ စစ်မှုထမ်းဆောင်ရန် အချိန်ကာလ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် အချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုပြစ်ဒဏ်များ ပါရှိကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ် သီတက္ကန်(မြောက်)ကျေးရွာထွက် ထန်းမြူအိုးများ ယခင်နှစ်ကထက် အရောင်းတွင်ကျယ်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သီတက္ကန်(မြောက်) ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ထုတ်လုပ်လျက်ရှိသည့် ထန်းမြူအိုးများ အရောင်းတွင်ကျယ်လျက်ရှိကြောင်း သီတက္ကန်(မြောက်) ကျေးရွာမှ အိုးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

သီတက္ကန်(မြောက်) ကျေးရွာ၌ အိမ်ခြေ ၈၅ အိမ် လူဦးရေ ၄၀၀ ကျော်ရှိပြီး ဒေသခံကျေးလက်နေ ပြည်သူအများစုက လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပြီး ကျေးရွာရှိ အိမ်ခြေ ၃၀ ကျော်က အိုးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။ ၎င်းအိုးလုပ်ငန်းလုပ်ကိုင်ရာတွင် ရာသီအလိုက် သောက်ရေအိုး၊ ဘုရားပန်းအိုး၊ ဆွမ်းလောင်းအိုး၊ ပန်းစိုက်အိုး၊ စလောင်းဖုံး၊ ဆီမီးခွက်၊ သကြံန်အိုးနှင့် ထန်းမြူအိုးများကို လုပ်ကိုင်လျက်ရှိရာမှ ထန်းတက်ရာသီ စတင်ချိန် နတ်တော်လမှ တပို့တွဲလအထိ ထန်းမြူအိုးများကို အဓိက ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ထိုသို့ ထန်းမြူအိုးများ ပြုလုပ်ရန်အတွက် လိုအပ်သော မြေများကို လှည်းတစ်စီးလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ဝယ်ယူထုတ်လုပ်ပြီး ရရှိလာသည့် အိုးများကို မိတ္ထီလာ၊ မလှိုင်၊ မြင်းခြံ၊ တောင်သာမြို့နယ်များမှ အိုးကုန်သည်များက ကျေးရွာအရောက် ဝယ်ယူလျက်ရှိသည်။ ယခုနှစ် ထန်းတက်ရာသီတွင် ထန်းမြူအိုး တစ်လုံးလျှင် ငွေကျပ် ၂၅၀ ဖြင့် နေ့စဉ်လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**





မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးပြီး မီးလောင်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၈ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းအသိပညာပေးစစ်ဆေးစဉ်။

ဇာဇာ(အထက်မင်းလှ)

**မီးကြွင်းမီးကျန် သတိပြု**

*စာမျက်နှာ ၁၀ မှ*

ဟန့်တားနိုင်သည့် မဟာဗျူဟာ အောင်မြင်ပြီး စစ်ကိုလည်း ဟန့်တားနိုင်သည့် စွမ်းဆောင်ရည်များ ရှိလာမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော် လုံခြုံရေးအတွက် အခြေအနေများကိုလည်း ဖန်တီးသွားနိုင်မည် ဖြစ်သည်။ အထူးသဖြင့် ပြည်သူအားလုံးသည် စစ်မှုထမ်းစနစ်နှင့် အကျုံးဝင်နေသည့်အတွက် စစ်ဘက်–အရပ်ဘက် ဆက်ဆံရေး ပိုမိုကောင်းမွန်လာမည်မှာ အသေအချာပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးတည်ဆောက်မှုနှင့် ကာကွယ်ရေး တည်ဆောက်မှုတို့ကိုလည်း မျှတစွာဆောင်ရွက်နိုင်မည် ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအတွက် သားရေွှအိုးထမ်းလာသောကိန်းပင် ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်တွင်းပြည်ပပယောဂများကြောင့် တိုင်းပြည်၏ တချို့သောနေရာများတွင် အကြမ်းဖက်သမားများ ကြီးစိုးလျက်ရှိသည်။ နိုင်ငံသားတိုင်းသည် စစ်ပညာသင်ကြားပြီးချိန်တွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာသူများအား အမြစ်ပြတ်ချေမှုန်းနိုင်မည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ပြည်သူများ အေးချမ်းစွာလုပ်ကိုင်စားသောက်နိုင်မည်ဖြစ်သည်။ ကလေးငယ်များ ပျော်ရွှင်ချမ်းမြေ့စွာပညာသင်ယူနိုင်မည်၊ တိုင်းပြည်တိုးတက်ရေး လုပ်ငန်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံသားများအကြား တိုင်းပြည်ချစ်စိတ်၊ နိုင်ငံတော်ကာကွယ်လိုစိတ်များ ကိန်းအောင်းလာမည်ဖြစ်သည်။ အထူးသဖြင့် လူငယ်များကြားတွင် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးသွေးစည်းညီညွတ်မှု တည်ဆောက်သွားမည် ဆိုသောစိတ်ဓာတ်များ ကိန်းအောင်းလာမည်ဖြစ်သည်။

စင်စစ်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်သားများ၏ တာဝန်သာမဟုတ်ဘဲ ပြည်သူအားလုံးမှာလည်း တာဝန်ရှိနေပေသည်။ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည့် နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုဖော်ဆောင်နိုင်ရေးအတွက် ဂုဏ်ယူဝင့်ကြွားစွာ စစ်မှုထမ်းဆောင်ကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား–

၁၁–၂–၂၀၂၄ နှင့် ၁၂–၂– ၂၀၂၄ ရက်နေ့ထုတ် သတင်းစာများ။

## ရဲရေးရောက်သော်

◆ "ရဲရေးရောက်သော်
ရွံ့ကြောက်မဲ့တွန်၊ နိုင်ငံ့ဝန်၌
ဂုဏ်မှာန်ယက္ခ
နာဂခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း
ခွာ၍မတွန့်၊ အသက်စွန့်လော့"

◆ ဂမ္ဘီသာရ
သေနင်္ဂဗျူဟာ၊ ကျမ်းလာအတိုင်း
မဆိုင်းမတွ၊ နိုးထကြလော့
ပေါ့ပေါ့မနေ၊ တို့တစ်တွေသည်
အခြေယွင်းဖောက်၊ ရန်မီးတောက်တို့
မျက်မှောက်ကာလ၊ စုံပါလှမို့
နေ့ညသတိ၊ ကင်းကြဘိမူ
ထိပါးရန်ရှာ၊ အချုပ်ခြာပင်
သူ့ငါထိန်းဖို့ ခက်သည်မို့...။

◆ တိုင်းပြည်အတွက်၊ အခက်တွေ့တိုင်း
မဆိုင်းမတွ၊ တပ်မတော်ကပင်
လျင်စွာရဲဝံ့၊ နောက်မတွန့်ဘဲ
တိုက်ပွဲအတွင်း၊ ဝင်ရောက်ချဉ်းခဲ့
လူပျင်းလူညံ့၊ စိတ်မနှံ့သူ
မပါမူဘဲ
လူမွန်လူကောင်း၊ ဇာနည်အပေါင်းဖြင့်
ထောင်းထောင်းကျေညက်၊ ရန်မျိုးပျက်အောင်
လက်တွဲဝင်ကာ ၊ အားဖြည့်ပါစို့။

◆ သင့်အားစောင့်မျှော်၊ တပ်မတော်က
တိုက်ဖော်တိုက်ဖက်
သွေးသက်နှံထား၊ ပေါင်းစုအားဖြင့်
ဖယ်ရှားရန်မာန်၊ ရှင်းချိန်တန်ပြီ။

◆ လိုအပ်ချိန်မှာ၊ လိုအပ်ရာကို
ပါဝင်နွှဲလျက်၊ ကိုယ်နှင့်သက်ကို
ပြည့်တွက်ရည်ရွယ်၊ ညီကြမည်တည့်
တည်ရစ်နောင်သား၊ မြေးမြစ်များထိ
စကားဆိုဖွယ်၊ ဂုဏ်ဝင့်ထည်အောင်
မဖယ်မသွေ ထမ်းကြစို့...။
ကိုယ်စီတာဝန် ကျေကြစို့...။

ဘိုမျိုး(ရွှေဘို)

## မိမိတို့နိုင်ငံ၊ ဒေသအတွက် အကျိုးပြုနိုင်မည့် လူငယ်အင်ဂျင်နီယာပညာရှင်များ၊ နည်းပညာရှင်များလေ့ကျင့်မွေးထုတ်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၉

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) ၏ (၁၇)ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ဘွဲ့ရလူငယ်မောင်မယ်များ အနေဖြင့် မိမိတို့ လေ့ကျင့်သင်ကြားခဲ့ရသည့် အသိပညာဗဟုသုတများကို လက်တွေ့အသုံးချပြီး မိမိပတ်ဝန်းကျင်၊ မိမိပြည်နယ်၊ မိမိတို့ နိုင်ငံကို အကျိုးပြုသည့် လူငယ်အင်ဂျင်နီယာကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဒုတိယပါမောက္ခချုပ်က အင်ဂျင်နီယာ (မြို့ပြအင်ဂျင်နီယာ)ဘွဲ့ရ ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူခြောက်ဦး၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူ ကိုးဦး၊ စက်မှုအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူ ရှစ်ဦး စုစုပေါင်း ၃၈ဦးတို့အား ဘွဲ့လက်မှတ်များ အပ်နှင်းကာ အဝေးရောက်ဘွဲ့ယူမည့် ကျောင်းသား ကျောင်းသူ ၃၉ ဦးတို့အတွက် ကိုလည်း သက်ဆိုင်ရာဘွဲ့များ အပ်နှင်းပေးအပ်သည်။

ထို့အတူ မြစ်ကြီးနားမြို့၌ ယနေ့ နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးများ တက်ရောက်အားပေးခဲ့ကြပြီး ကွန်ပျူတာ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တက္ကသိုလ် ပညာရေးအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲရေး အဖွဲ့ဝင်များက ၂၀၁၉-၂၀၂၂ ပညာသင်နှစ်အတွက် ကွန်ပျူတာ သိပ္ပံ(B.C.Sc)ဘွဲ့ရ ကျောင်းသား ကျောင်းသူ ၂၂ ဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ရ ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့နှင့် အဝေးရောက်ဘွဲ့ယူမည့်သူ ၁၃ ဦး တို့အား ဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်သည်။



ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပမ္မတီးရပ်ကွက်အတွင်းရှိ ပမ္မတီး အနောက်မြောက်ကွင်း၌ တောင်သူ ဦးချစ်ဆွေနှင့် အစုအဖွဲ့များ၏ ငါးအိုး စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ လီမိတက်အသင်းပိုင် လယ်မြေများပေါ်တွင် စက်ရေတွင်းများ၊ ဆိုလာရေပေးစနစ်များ ဆောင်းသီးထပ်လယ်သီးနှံစိုက်ခင်း ၄၄ ဒသမ ၀၅ ဧကတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားတက္ကသိုလ်၌ ကျင်းပသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘောလုံးပြိုင်ပွဲအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးက တက္ကသိုလ်အတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## အကျဉ်းသူများကို ဆဲဆိုခြင်း၊ အလုပ်ကြမ်းများခိုင်းခြင်းနှင့် ခြိမ်းခြောက်ပြောဆိုခြင်းများ လုပ်ဆောင်သည်ဟု မဟုတ်မမှန် လုပ်ကြံရေးသား

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြင်းခြံ ဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေး အကျဉ်းသူများကို ထောင်ဝန်ထမ်းများက ဆဲဆိုခြင်း၊ အလုပ်ကြမ်းများ ခိုင်းခြင်းနှင့် ခြိမ်းခြောက် ပြောဆိုခြင်းများ လုပ်ဆောင်ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page မှ ဖေဖော်ဝါရီ ၁၁ ရက်က မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ပုံမှန်အားဖြင့် အကျဉ်းထောင် အုတ်ရိုးအတွင်းသို့ တာဝန်ထမ်းဆောင်လျက်ရှိသော အမျိုးသား၊ အမျိုးသမီးဝန်ထမ်းအားလုံးသည် တုတ်အပါအဝင် မည်သည့် လက်နက်ကိုမှ ကိုင်ဆောင်ခြင်း မပြုဘဲ လုံခြုံရေး၊ အုပ်ချုပ်ရေး ကိစ္စများကို ဆောင်ရွက်ကြရသည်။ ထောင်လုန့်ဇာတ်တိုက် လေ့ကျင့်သည့် တနင်္ဂနွေနေ့တွင်သာ တုတ်၊ ဒိုင်းများ ကိုင်ဆောင်၍ လေ့ကျင့်ခြင်း ပြုလုပ်လေ့ရှိသည်။ အကျဉ်းသူအားလုံးကို သီးခြား ခွဲခြားထားခြင်းမျိုးမရှိဘဲ တစ်ပြေးညီ စီမံအုပ်ချုပ်လျက်ရှိပြီး အိပ်ဆောင်၊ အိပ်ခန်းများတွင်လည်း တစ်ပြေးညီနေရာချထားခြင်း ဖြစ်သည်။

အကျဉ်းသူများအား အလုပ်ကြမ်းခိုင်းရန်အတွက် သတ်မှတ်ထားခြင်းမရှိဘဲ ၎င်းတို့ အိပ်ဆောင်၊ အခန်းများကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ၎င်းတို့ စားသုံးရန် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း၊ ရေပိုက်မှ အဆောင်အတွင်းသို့ပို့လွှတ်သော ရေသန့်အား ပုံးဖြင့်ခံ၍ ၎င်းတို့အခန်းအတွင်း သယ်ယူခြင်း၊ မီးဖိုကြီးမှ ပို့သည့် ထမင်းနှင့် ဟင်းများအား အမျိုးသမီးဆောင်အဝမှ ပေ ၄၀ ခန့်အကွာရှိ အိပ်ဆောင်သို့ သယ်ယူခြင်းကိုသာ ဆောင်ရွက်ရသည်။ ထိုသို့သယ်ယူရာတွင်လည်း ကိုယ်ခန္ဓာတောင့်တင်းသော ရာဇဝတ်အကျဉ်းသူများက အလှည့်ကျသယ်ယူသည်။ ပေါ့ပါးသော သန့်ရှင်းရေးလုပ်ငန်းများကို အခန်းအလိုက် အကျဉ်းသူအားလုံးမှ အလှည့်ကျ ဆောင်ရွက်ရသည်။ ထိုသို့ ဆောင်ရွက်ရသည့်အတွက် အကျဉ်းသူအားလုံးကို ဥပဒေပါအတိုင်း သာမန်လျှော့ရက်များ ခံစားခွင့်ပေးထားသည်။ အသက် ၅၀ နှစ်နှင့်အထက်ရှိသော မည်သည့် အကျဉ်းသူကိုမှ အလုပ်တာဝန် ပေးအပ်ထားခြင်းမရှိပါဟု မြင်းခြံဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

ထို့အပြင် အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသူနှင့် ရာဇဝတ်အကျဉ်းသူဟူ၍ ခွဲခြားဆက်ဆံခြင်း မရှိဘဲ အိပ်ဆောင်၊ အိပ်ခန်းများ၏ သန့်ရှင်းရေးလုပ်ငန်းများ၊ အိပ်ဆောင်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၊ ပေ(၄၀ x ၂၀) အရွယ်ရှိ မုန်လာဥစိုက်ခင်းအား လိုအပ်သည့်အခါ ရေငုတ်မှ လာသည့်ရေကို ပိုက်ဖြင့်သွယ်ယူ၍ ရေဖျန်းခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်ရပြီး အလုပ်ကြမ်းများလည်း ခိုင်းစေခြင်း မရှိပေ။

အကျဉ်းထောင်တွင် ရေသန့်စက်ရုံရှိပြီး ရေသန့်အား RO စနစ်ဖြင့်ထုတ်လုပ်ကာ အကျဉ်းသား အကျဉ်းသူအားလုံးကို ဖြန့်ဝေသောက်သုံးစေလျက် ရှိသည်။ အုတ်ရိုးအတွင်းရှိ လေးလက်မ အဝီစိတွင်း နှစ်တွင်းမှ အကျဉ်းသား အကျဉ်းသူ အိပ်ဆောင်များသို့ ချိုးရေများ လုံလောက်စွာ ဖြန့်ဖြူးပေးလျက် ရှိသည့်အပြင် အမျိုးသမီးအိပ်ဆောင် ဝန်းကျင်တွင်လည်း နှစ်လက်မ အဝီစိတွင်းနှစ်တွင်း ထပ်မံတူးဖော်၍ ချိုးရေများ လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိသည်။

ရေသိုလှောင်ကန်များနှင့် ရေတွင်းများ၏ အခြေအနေနှင့် လက်ရှိအကျဉ်းသား အကျဉ်းသူဦးရေအရ တစ်ဦးလျှင် တစ်ကြိမ်၌ ပျမ်းမျှရေဂါလန် ၄၀ အသုံးပြုနိုင်ပြီး နေ့စဉ် နံနက်/ည နှစ်ကြိမ် ရေချိုးခွင့်ပြုပေးလျက် ရှိသည်။ လက်ရှိအချိန်အထိ အကျဉ်းထောင်ရှိအကျဉ်းသား အကျဉ်းသူများတွင် ပွေး/ဝဲ/ ယားနာများ မရှိပါဟုလည်း မြင်းခြံဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူက ရှင်းလင်းထားသည်။

အကျဉ်းထောင် အတွင်းဈေးဘားအနေဖြင့် အကျဉ်းသား အကျဉ်းသူများ အပ်နှံထားသည့် ငွေစာရင်းမှ တစ်လလျှင် နှစ်ကြိမ် ၎င်းတို့မှာယူလိုသည့် ပစ္စည်းများကို ပင်ရင်းဆိုင်များ၌ ဝယ်ယူပြီး သယ်ယူစရိတ်ခုနှိမ်ကာ ပြင်ပဈေးနှုန်းထက်မကြီးစေဘဲ ဝယ်ယူပေးလျက်ရှိသည့်အပြင် အသားဟင်းအား တစ်ပတ်လျှင် လေးကြိမ်နှုန်းနှင့် ကျန်ရက်များ၌ အကျဉ်းထောင်၏ တောင်ယာမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များ၊ ပြင်ပမှဝယ်ယူရရှိသည့် ရာသီသီးနှံများအား ရောနှော၍ ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးလျက်ရှိသည့် အတွက် Khit Thit Media အမည်ခံ Facebook Page တွင် ဖော်ပြမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှား ဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန်ကို လက်ခံမည်မဟုတ်ကြောင်း တာလီဘန်ပြော

**ဒိုဟာ ဖေဖော်ဝါရီ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ၌ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဆွေးနွေးရန်အတွက် ကုလသမဂ္ဂညီလာခံကို ကာတာနိုင်ငံတွင် ဆွေးနွေးလျက်ရှိသည်။ အစည်းအဝေး၏ အဓိကအကြောင်းအချက်မှာ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထူးသံတမန် ခန့်အပ်ရေးဖြစ်ကြောင်း သိရသည်။




တာလီဘန် အကြီးတန်းအရာရှိတစ်ဦးက အင်န်အိတ်ချ်ကေသို့ ပြောကြားရာတွင် ထိုကဲ့သို့သော ဖျန်ဖြေပေးရေးအဖွဲ့ကို လက်ခံမည် မဟုတ်ကြောင်း ပြောသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်ဇ်သည် ကာတာနိုင်ငံ ဒိုဟာမြို့၌ တနင်္ဂနွေနေ့မှ စတင်သော နှစ်ရက်ကြာ အစည်းအဝေးကို လက်ခံကျင်းပခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အတူ တာလီဘန် ကြားဖြတ်အစိုးရကို ပထမဆုံးအကြိမ် ဖိတ်ကြားခဲ့သည်။ သို့သော်လည်း တာလီဘန်တို့က အစည်းအဝေးကို တက်ရောက်ခြင်း မရှိခဲ့ပေ။

ကုလသမဂ္ဂ သံတမန်သည် အာဖဂန်နစ္စတန်နိုင်ငံ၌ ဝင်ရောက်စွက်ဖက်မှုများ လုပ်ဆောင်ရန် ကြိုးပမ်းဖွယ်ရှိသည်ဟု ယူဆကြောင်း တာလီဘန် တာဝန်ရှိသူတစ်ဦးက ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံရှိ အမျိုးသမီးများ၏ အကျပ်အတည်းမှာ ပိုမိုဆိုးရွားလာနေကြောင်းနှင့် ၎င်းတို့၏ဘဝများကို တိုးတက်ကောင်းမွန်အောင် မြှင့်တင်ပေးရန် တာလီဘန်တို့ကို နိုင်ငံတကာအသိုင်းအဝိုင်းက တောင်းဆိုထားသည်။

တာလီဘန်တို့သည် ၂၀၂၁ ခုနှစ်တွင် အာဏာပြန်လည်ရယူပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံကို တင်းကျပ်သော အစ္စလာမ့်ဥပဒေများဖြင့် အုပ်ချုပ်လျက်ရှိသည်။ ၎င်းတို့သည် လူ့အခွင့်အရေး အခြေအနေများ တိုးတက်ကောင်းမွန်စေရေးနှင့် ပတ်သက်ပြီး ပြည်ပနိုင်ငံများ၏ တောင်းဆိုမှုကို ပယ်ချထားသည်။

**အင်န်အိတ်ချ်ကေ**

# အေဒင်ပင်လယ်ကွေ့၌ ဟူသီအုပ်စုက အမေရိကန်သင်္ဘောကို ဒုံးကျည်ဖြင့်တိုက်ခိုက်

**ဆာနား ဖေဖော်ဝါရီ ၁၉**

အေဒင်ကမ်းလွန်၌ ဖေဖော်ဝါရီ ၁၉ ရက်တွင် အမေရိကန်ပိုင်သင်္ဘောတစ်စင်းကို ယီမင်၏ဟူသီအုပ်စုက ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့ကြောင်း ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့ သတင်းရင်းမြစ်နှင့် ရေကြောင်းအေဂျင်စီက ပြောကြားသည်။

ယီမင်နိုင်ငံမြောက်ပိုင်း ဟူသီအုပ်စုထိန်းချုပ်ထားသည့်ဒေသမှ ဒုံးကျည်တစ်စင်းဖြင့် တိုက်ခိုက်ခဲ့ရာ အမေရိကန်သင်္ဘောကို ထိမှန်ခဲ့ကြောင်း၊ ပင်လယ်နီမြစ်ဝအနီးတွင်တည်ရှိသည့် ယီမင်ဆိပ်ကမ်းမြို့တော်ပိုင်း အေဒင်၏အရှေ့ဘက် ရေမိုင် ၁၀၀ အကွာတွင် နောက်ထပ်သင်္ဘောတစ်စင်းကို တိုက်ခိုက်ခဲ့သည့် သတင်းရရှိခဲ့ကြောင်း ဗြိတိန်ရေကြောင်းကုန်သွယ်မှုလုပ်ငန်း (ယူကေအမ်တီအို) အေဂျင်စီက ပြောကြားသည်။

သင်္ဘောအနီးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး ဝန်ထမ်းများမှာ ဘေးကင်းပြီး ရေယာဉ်မှာ နောက်ထပ်ဆိပ်ကမ်းသို့ ဆက်သွားခဲ့ကြောင်း ဗြိတိန်ရေကြောင်းကုန်သွယ်မှုလုပ်ငန်းက ပြောကြားသည်။ ယီမင်မြောက်ပိုင်းဒေသအများအပြားကို ထိန်းချုပ်ထားပြီး နိုင်ငံတကာက အသိအမှတ်ပြုထားသည့် အစိုးရကျောထောက်နောက်ခံပြု ဆော်ဒီဦးဆောင်သည့်ညွန့်ပေါင်းအဖွဲ့တစ်ခုကို တိုက်ခိုက်နေသည့် ဟူသီအုပ်စုက တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ချက်ချင်းမှတ်ချက်မပြုထားပေ။ ဖေဖော်ဝါရီ ၁၈ ရက်ကလည်း ပင်လယ်နီတောင်ပိုင်း၌ ဟူသီဒုံးကျည်တိုက်ခိုက်မှုကြောင့် ဗြိတိန်ကုန်တင်သင်္ဘောပျက်စီးခဲ့ကြောင်း ဗြိတိန်ရေကြောင်း ကုန်သွယ်မှုလုပ်ငန်းမှ သိရသည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်နိုင်ငံ၏ရန်ပုံငွေဖြင့် မြစ်ကူးတံတားတည်ဆောက်မည်

**ဖနောင်ပင် ဖေဖော်ဝါရီ ၁၉**

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံ၏ ရန်ပုံငွေဖြင့် မြို့တော်ဖနောင်ပင် တောင်ဘက်ခြမ်းရှိ ဘက်ဆက်စ် မြစ်ကူးတံတားတစ်စင်းဆောက်လုပ်ရန် ဖေဖော်ဝါရီ ၁၉ ရက်တွင် စတင်လိုက်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ် ဝမ်ဝင်ကျန်းတို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဒေသခံများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

တံတားအရှည် ၈၄၅ ဒသမ ၇ မီတာနှင့် တံတားအကျယ် ၂၇ မီတာရှိသော အဆိုပါတံတားကို တရုတ်နိုင်ငံ၏ သက်သာချေးငွေအောက်ရှိ ရှန်ဟိုင်း ဆောက်လုပ်ရေးအဖွဲ့က ဆောက်လုပ်သွားမည်ဖြစ်ပြီး ၄၂ လ အတွင်း အပြီးတည်ဆောက်သွားဖွယ်ရှိသည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက်က ဦးဆောင်လှုပ်ရှားမှုတွင် တရုတ်ကမ္ဘာလှည့် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ပိုမိုရောက်ရှိလာလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောသည်။ ထို့ပြင် သံအမတ် ဝမ်ဝင်ကျန်းက တံတားသစ်ဆောက်လုပ်ရေး စီမံကိန်းက ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပိုမိုအားကောင်းစေလိမ့်မည်ဖြစ်ကြောင်း ပြောသည်။ အဆိုပါ တံတားဆောက်လုပ်ရေး စီမံကိန်းက တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံအကြား ခိုင်မာအားကောင်းသော ဆက်ဆံရေးကို ပြသရာရောက်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**





အာဖဂန်၌ ဆီးနှင်းများ ထူထပ်စွာကျရောက်မှုကို တွေ့ရစဉ်။

# အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ မြေပြိုမှုကြောင့် ၂၅ ဦး သေဆုံး

**ကဘူးလ် ဖေဖော်ဝါရီ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နူရစ်စတန်ပြည်နယ် နော်ဂါရန်ခရိုင် ကျေးရွာတစ်ခု၌ ဖေဖော်ဝါရီ ၁၈ ရက်က မြေပြိုမှုဖြစ်ပွားသဖြင့် ၂၅ ဦးထက်မနည်း သေဆုံးပြီး အခြား ၁၀ ဦး ဒဏ်ရာရရှိကြောင်း ကွာရီ ဟာဘီဘူလာ ဆာဘိုင်ယာက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

နော်ဂါရန်ခရိုင် တတင်ဒါရာဒေသ၌ ဖေဖော်ဝါရီ ၁၈ ရက် ညနေခင်းပိုင်းက မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဆီးနှင်းများကျခြင်းတို့ကြောင့် မြေပြိုမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ မြေပြိုမှုကြောင့် သေဆုံးသူများထဲတွင် အမျိုးသမီးများနှင့် ကလေးငယ်များပါဝင်ကြောင်းနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း အာဏာပိုင်များက ပြောကြားသည်။ မြေပြိုမှုကြောင့် နေအိမ်အလုံး ၂၀ ထက်မနည်း ပျက်စီးသွားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်အပါအဝင်ဒေသများတွင် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းမှစကာ မိုးရွာသွန်းခြင်းနှင့် ဆီးနှင်းများကျခြင်းတို့ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အတ္တလန္တိတ်ကမ်းရိုးတန်း၌ ရွှေ့ပြောင်းနေထိုင်သူ ၁၄၁ ဦးကို မော်ရိုကိုရေတပ်က ကယ်ဆယ်

**ရာဘတ် ဖေဖော်ဝါရီ ၁၉**

အတ္တလန္တိတ်ကမ်းရိုးတန်း၌ ဖေဖော် ဝါရီ ၁၈ ရက်က လှေတစ်စင်းပေါ်မှ ရွှေ့ပြောင်းနေထိုင်သူ ၁၄၁ ဦးကို မော်ရိုကိုရေတပ်မှ ကယ်ဆယ်ခဲ့ကြောင်း တရားဝင် သတင်းအေဂျင်စီ အမ်အေပီက ထုတ်ပြန်ထားသည်။

အမျိုးသမီး သုံးဦးနှင့် အရွယ်မရောက်သေးသူ နှစ်ဦးပါဝင်သည့် ရွှေ့ပြောင်းနေထိုင်သူများမှာ အာဖရိကနိုင်ငံဆာဟာရခွဲများမှဖြစ်ပြီး ရာသီဥတုအခြေအနေကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ၁၅ နာရီ ကြာမြင့်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

၎င်းတို့သည် ဖေဖော်ဝါရီ ၁၀ ရက်က မာရီတေးနီးယားကမ်းခြေမှ ထွက်ခွာလာခဲ့ပြီး အာဖရိကအနောက်မြောက်ပိုင်း စပိန်ကျွန်းစုတစ်ခုဖြစ်သည့် ကနေရီကျွန်းစုသို့သွားရန် ရည်ရွယ်ခဲ့ကြောင်း သိရသည်။ အဆိုပါလှေမှာ ဒက်ခ်လာဆိပ်ကမ်းမှ ၂၇၄ ကီလိုမီတာခန့်အကွာတွင် သောင်တင်ခဲ့ပြီး အချက်ပြခဲ့ရာ မော်ရိုကိုအာဏာပိုင်များက ကြားဖြတ်တားဆီးခဲ့ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်ကလည်း အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၈၇၀၀၀ ခန့်ကို မော်ရိုကိုတပ်ဖွဲ့က ဖမ်းဆီးခဲ့ရာ ၎င်းတို့ထဲမှ အများစုမှာ အာဖရိက ဆာဟာရခွဲများမှဖြစ်ကြောင်း တရားဝင် အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**



# စီမံကိန်းပြီးစီးပါက ကင်ဆာရောဂါဓာတ်ရောင်ခြည်ကုသမှုအပါအဝင် ကင်ဆာရောဂါကုသရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့က ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဒဂုံဆိပ်ကမ်းမြို့နယ်၌ တည်ဆောက်လျက်ရှိသော အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ အဆောက်အအုံ အထူးအဖွဲ့(၁)မှ ဒုတိယညွှန်ကြားရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်း ပြီးစီးပါက ကင်ဆာရောဂါဓာတ်ရောင်ခြည် ကုသမှု အပါအဝင် ကင်ဆာရောဂါကုသရေးလုပ်ငန်းများ ပိုမို ကောင်းမွန်စွာ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်ရေး၊ ဓာတ်ရောင်ခြည် လုံခြုံမှုအပါအဝင်အဆောက်အအုံ အရည်အသွေး ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားများ ကောင်းမွန် ကြံ့ခိုင်ရေး၊ ဝန်ထမ်းများ အဆင်ပြေစွာသွားလာ နေထိုင်နိုင်ရေး၊ ဓာတ်ရောင်ခြည်ကုသစက်နှင့် ဆေးရုံ သုံးပစ္စည်းများ တပ်ဆင်ပြီးစီးရေးတို့ကိုလည်း တစ်ပြိုင်တည်းပြီးစီးအောင် စီစဉ်ဆောင်ရွက်ရန် ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ကုသရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားကင်ဆာကုသရေးဌာန၌ ဓာတ်ရောင်ခြည် ကုသစက်လေးလုံးထားရှိရန် Bunker များ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ဆဲ အဆောက် အအုံများ၊ တည်ဆောက်ပြီးစီးသွားသော ငါးထပ် လူနာဆောင် တွင် ခွဲစိတ်ခန်းများ၊ လူနာဆောင်များနှင့် ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းများ၊ တည်ဆောက်ပြီးစီး သွားသောအသုံးပြုပြီး ဓာတ်ရောင်ခြည်သုံးပစ္စည်းများ သိုလှောင်ထားရှိမည့်မြေအောက် Bunker များကို လှည့်လည်ကြည့်ရှုပြီး ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အစီအစဉ်များနှင့် လိုအပ်ချက်များကို မှာကြားသည်။

အမျိုးသားကင်ဆာရောဂါ ကုသရေးဌာနကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ကာ နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၈၂၀၈ သန်း အသုံးပြုပြီး ကင်ဆာဓာတ်ရောင်ခြည်ကုသစက်လေးလုံး တပ်ဆင်၍ ကုသမှုပေးနိုင်ရန် ရည်ရွယ်ကာ တည်ဆောက် နေခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွင်း စတင်ဖွင့်လှစ်နိုင် ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဌာနတည်ဆောက်ပြီးစီးပါက ကင်ဆာရောဂါလူနာ များသည် ခွဲစိတ်ကုသခြင်း၊ ကင်ဆာဆေးသွင်းကုသ ခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်း၊ အထူးကြပ်မတ် ကုသခြင်း၊ ဓာတ်ခွဲစမ်းသပ်မှု၊ ဓာတ်မှန်ဖြင့် ရောဂါ ရှာဖွေခြင်းတို့ကို တစ်နေရာတည်းတွင် အချိန် နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒု-စာရင်းစစ်မှူးနှင့် လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဒု-စာရင်းစစ်မှူးနှင့် လက်ထောက် စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်း အနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ ၌ Hybrid စနစ်ဖြင့် ကျင်းပ သည်။



အခမ်းအနားသို့ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယစာရင်း စစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသား များ တက်ရောက်ကြပြီး ဒေသ စာရင်းစစ်ရုံးများမှ တာဝန်ရှိ သူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက Online ဖြင့် တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည် ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက ယခုသင်တန်းတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေ၊ စစ်ဆေးရေးနှင့် လုပ်ငန်း ခွင်သုံး ဘာသာရပ်များအပြင် ဝန်ထမ်းကျင့်ဝတ်နှင့် အပြု အမူပိုင်းဆိုင်ရာများကို သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း၊ ဒု-စာရင်း စစ်မှူးနှင့် လက်ထောက်စာရင်း စစ်မှူးများအနေဖြင့် သင်ကြား ပို့ချမှုများကို အလေးထား လေ့လာမှတ်သား၍ လက်တွေ့ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချ ရန်၊ ခေါင်းဆောင်မှုအောက်တွင် အရည်အသွေး ပြည့်ဝသည့် နောက်လိုက်ကောင်းများ ဖြစ်စေ ရန်၊ ရာထူးအရ ပေးအပ်သည့် တာဝန်ကို တာဝန်ယူမှု၊ တာဝန်ခံ မှုအပြည့်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ဌာနအတွက် အားကိုးအားထားပြု နိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်စေရေး ကြိုးစားကြစေလို ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း ကျောင်း၊ နေပြည်တော်သင်တန်း ကျောင်းတာဝန်ခံက သင်တန်း ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကိုအဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း ကျောင်း၊ နေပြည်တော်နှင့် တိုင်း ဒေသကြီးနှင့် ပြည်နယ်စာရင်း စစ်ချုပ်ရုံး ခြောက်ရုံး၊ ဒေသစာရင်း စစ်ရုံး ၃၂ ရုံးတို့တွင် သင်တန်း ကထိကများခန့်အပ်၍ တစ်ပြိုင် တည်း ဖွင့်လှစ်ခြင်းဖြစ်ပြီး ဘာသာရပ်များအလိုက် Lesson End Test များကို Online System ဖြင့် ဖြေဆိုရမည်ဖြစ်သည်။ သင်တန်းကို သင်တန်းသား စုစုပေါင်း ၁၀၃ ဦး တက်ရောက် ပြီး သင်တန်းကာလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၁ ရက်အထိ ရက်သတ္တပတ် သုံးပတ် ကြာ ဖွင့်လှစ်သင်ကြားပို့ချသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သယောကြီးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင် ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၂၆၉ ဧက ရှိသောနယ်မြေ ကို **"သယောကြီးကျွန်း ဒီရေတောကြိုးပြင်ကာကွယ် တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၂၄) အရ ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း(၆)ရက်၊ (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်) မှစ၍ သတ်မှတ် ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည် တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝစေရန်၊ ကပ္ပလီပင်လယ်ပြင်မှ ဖြစ်ပေါ်လာနိုင်သော လှိုင်း ဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝ တံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံ ပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသော ရေသယံ ဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန် လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

သယောကြီးကျွန်း ဒီရေတောကြိုးပြင်ကာကွယ် တော သတ်မှတ်ခြင်းဖြင့် အဓိကဒီရေတော သစ်မျိုး များဖြစ်သော ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ကနစို၊ မဒမ၊ ပင်လယ်အုန်း စသည့် အဖိုးတန်သစ်မျိုး များနှင့် လမု၊ ကန့်ပလာစသည့် ဒေသမျိုးရင်း ဒီရေ တော သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ကြက်တူရွေး၊ သိမ်း၊ ပန်းဧင်ငှက်နှင့် ဒင်ကြီး ငှက် စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ပုစွန်များ စသည့် ရေနေသတ္တဝါများ ရှင်သန်ပေါက်ပွားရာ အဏ္ဏဝါဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**



## ပဲခူးမြို့၊ ကျောက်တံခါးမြို့၊ ဒိုက်ဦးမြို့နှင့် ကဝမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ကျောက်တံခါးမြို့၊ ဒိုက်ဦးမြို့နှင့် ကဝမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက် နှင့် တာဝန်ရှိသူများက အုတ်တွင်းတပ်နယ်၊ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် က အမှာစကားပြောကြားသည်။ ထို့နောက် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ အား နယ်မြေခံသင်တန်းကျောင်းစားရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်နေ့ ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြိုင်ပွဲ ကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေး အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများ အား အလေးပြုပြီး တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ထိန်ဝင်းက အဖွင့် မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ဂုဏ်ပြု စစ်တီးဝိုင်းအဖွဲ့က သရုပ်ပြတီးခတ် ဖျော်ဖြေကြရာ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် တက်ရောက်လာကြသည့် တပ်မတော် အရာရှိကြီးများက ကြည့်ရှု အားပေးခဲ့ကြပြီး တပ်မတော် ဂုဏ်ပြု စစ်တီးဝိုင်းအဖွဲ့အား တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၇၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကို ဖေဖော်ဝါရီ ၂၄ ရက်အထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်း အသင်းပေါင်း ၂၉ သင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မိုးမိတ်မြို့ကို တပ်မတော်ကပြန်လည် တိုက်ခိုက်သိမ်းပိုက်စဉ် ပြည်သူ ၁၀၂ ဦးကို သတ်ဖြတ်ခဲ့ပြီး အမျိုးသမီးလေးဦးကို မုဒိမ်းကျင့်သတ်ဖြတ်ခဲ့ကြောင်း ကောလာဟလ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့ရှိ လုံခြုံရေးတပ်စခန်း များနှင့် ဌာနဆိုင်ရာ အဆောက် အဦများကို KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား များက အင်အားအလုံးအရင်း ဖြင့် ဇန်နဝါရီ ၁၈ ရက်က ဝင်ရောက် တိုက်ခိုက်ခဲ့သည့် အတွက် တပ်မတော်မှပြန်လည် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ မိုးမိတ် မြို့ပေါ်တွင် ပြည်သူ ၁၀၂ ဦးထက် မနည်းကို သတ်ဖြတ်သွားခဲ့ ကြောင်းနှင့် အသက်မပြည့်သေး သော မိန်းကလေးသုံးဦးအပါအဝင်




အမျိုးသမီးလေးဦးကို မုဒိမ်းကျင့် သတ်ဖြတ်ခဲ့ကြောင်း ကောလာ ဟလသတင်းအမှားများကို အများ ပြည်သူ အထင်အမြင်လွဲမှားစေ ရန် တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိသည်။

အဆိုပါ မိုးမိတ်မြို့ကို ကောလင်းမြို့ကဲ့သို့ တိုက်ခိုက် ဖျက်ဆီးရန်အတွက် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား များက အင်အားအလုံးအရင်းဖြင့် လုံခြုံရေးတပ်စခန်းများနှင့် ဌာန ဆိုင်ရာ အဆောက်အဦများကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ရေး ပစ်မှတ်မဟုတ်သည့် ဘုန်းကြီး ကျောင်းများ၊ စာသင်ကျောင်းများ အတွင်း ခံစစ်ဆင်၍ တပ်မတော် စစ်ကြောင်းများကို တန်ပြန် တိုက်ခိုက်ခဲ့ခြင်း၊ ပြည်သူများကို လူသားတံတိုင်းအဖြစ် အကာ အကွယ်ယူ တိုက်ခိုက်ခြင်းများ အပြင် အများပြည်သူအသုံးပြု သည့် လမ်းများကို မိုင်းထောင် ထားခြင်းများကြောင့် တပ်မတော် မှ ပြည်သူများ ထိခိုက်မှုမရှိစေရန် အတွက် ထိန်းသိမ်းဆောင်ရွက် ခဲ့ရကြောင်း၊ အကြမ်းဖက်သမား များသည် ထိခိုက်သေဆုံးမှု များစွာဖြင့် ဆုတ်ခွာထွက်ပြေး ခဲ့ရသည့်အတွက် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် မိုးမိတ်မြို့ အတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ခြင်းကြောင့် ပြည်သူ အချို့ ထိခိုက်သေဆုံးခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရ ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

ထိုသို့ တပ်မတော်မှစနစ်တကျ ထိုးစစ်ဆင် တိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက်သမားများ ဆုတ်ခွာ ထွက်ပြေးသွားခဲ့ပြီး နယ်မြေ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ဆက်လက် ဆောင်ရွက်လျက်ရှိ ကြောင်းနှင့် တရားမဝင်ပြည်ဖျက် မီဒီယာများမှ ကောလာဟလ သတင်းများဖြင့် တပ်မတော် အပေါ် ပြည်သူများအား အထင် အမြင် လွဲမှားစေရန်နှင့် တပ်မတော် ဂုဏ်သိက္ခာ ကျဆင်းစေရန်တို့ အတွက် လူမှုကွန်ရက်စာမျက်နှာ များပေါ်တွင် မဟုတ်မမှန် သတင်း များကို လုပ်ကြံရေးသားဖြန့်ဝေ နေခြင်းသာဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်း ဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာ များမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Yeyint Yan 7 (YK)” Tik Tok အကောင့် ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ချစ်ရအောင်အား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Moe Wathan” အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သပြေလု ကျေးရွာနေ မိုးဝသန်ဦးအား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကံမမြို့နယ် ပဲတီစိမ်းနှင့် မတ်ပဲ ဈေးနှုန်းဈေးကွက်အခြေအနေ



မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းပဲတီစိမ်းသီးနှံ ၃၉၅၉ ဧက စိုက်ပျိုးထားရှိပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ရိတ်သိမ်းဧက ၄၈၆ ဧက၊ အထွက်နှုန်း ၁၂ ဒသမ ၂၃ တင်းဖြင့် ၅၉၄၄ တင်း ထွက်ရှိကြောင်း၊ ဆောင်းမတ်ပဲသီးနှံ ၂၂၅၃၇ ဧက စိုက်ပျိုးထားရှိပြီး ဇန်နဝါရီ ၃၁ ရက်အထိ ရိတ်သိမ်းပြီးဧက ၁၀၁၅၇ ဧက၊ အထွက်နှုန်း ၁၄ ဒသမ ၈၉ တင်းဖြင့် ၁၅၁၂၃၈ တင်း ထွက်ရှိကြောင်း သိရှိရသည်။

ကံမမြို့နယ် မြောက်ချောင်းဘက်ရှိ ရေနံ့သာ၊ ဆုံကုန်း၊ ခြောက်ပင်၊ သံပရာ၊ ကျောက်ပတောင်း၊ ကျောက်ဆောင်း၊ ကျီးမီး၊ ရွာသာယာ စသည့်ကျေးရွာများမှ ထွက်ရှိသည့် သီးနှံများအနက် ပဲတီစိမ်းမှာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၃၅၀၀-၁၀၅၀၀၀ ဖြင့် သီးနှံအရည်အသွေးပေါ်မူတည်၍ တစ်နေ့လျှင် အိတ်ရေ ၂၀ မှ ၃၀ ဝန်းကျင်ခန့်ဝင်ရောက်ပြီး အရောင်းအဝယ် အေးလျက်ရှိကြောင်း၊ ဆောင်းမတ်ပဲသီးနှံများမှာလည်း ဖေဖော်ဝါရီလ ပထမပတ်တွင် ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၇၅၀၀ – ၁၆၅၀၀၀ ဖြင့် တစ်နေ့လျှင် အိတ်ရေ ၁၀၀ မှ ၁၃၀ ဝန်းကျင်ခန့် ဝင်ရောက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ နေ့စဉ် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

**DOCA (မကွေး)**

# ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၀ သန်းနှင့် သွင်းကုန် ၂ ဒသမ ၅၀ ဒေါ်လာသန်း ဖြင့် စုစုပေါင်း ၂၀ ဒသမ ၅၀၀ ဒေါ်လာသန်း ဖြစ်သည်။ ဖေဖော်ဝါရီ ၁၇ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၁၅ ဒသမ ၄၅၁ ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၅၉၆ ဒေါ်လာ သန်း စုစုပေါင်း ၁၇ ဒသမ ၀၄၇ ဒေါ်လာသန်း ဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၈၃ ဒသမ ၁၅၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၇ ရက်အတွင်း ပို့ကုန်အမယ်များအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ဖရဲသီး၊ ရွှေဖရုံသီး၊ Iron Concentrate၊ မန်ကျည်းသီး (အစေ့ပါ)၊ ဆီးသီးခြောက်၊ ငရုတ်သီးနှင့် ကြက်သွန်နီတို့ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အမယ်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လူသုံးကုန်အဝတ်အထည်များနှင့် သစ်သီးများ တင်သွင်းနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော ၁၅၀၂၅ တန်၊ ဆန် ၃၄၈ တန်၊ ကြက်သွန်နီ ၁၇၈၇ တန်၊ ငရုတ်သီး ၃၇၄ တန်၊ Iron Concentrate ၅၆ တန်၊ ဆီးသီးခြောက် ၃၄ တန်၊ မန်ကျည်းသီး (အစေ့ပါ) ၃၄ ဒသမ ၀ တန်နှင့် ရွှေဖရုံသီး ၁၁၄၅ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံး သွင်းကုန်ပစ္စည်းများမှာ သံကြိုးခွေ၊ Hollow Pipe၊ သံပိုက်၊ မြက်ခင်းတု၊ လိမ္မော်သီးနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၄၆ ဒသမ ၅၀ တန်၊ လုပ်ငန်းသုံးပစ္စည်း ၆၅ တန်နှင့် လူသုံးပစ္စည်း ၁၂ ဒသမ ၅ တန်တို့ တင်သွင်းနိုင်ခဲ့ကြောင်း သိရှိရသည်။

**DOT (ကံပိုင်တည်)**

# တောင်တွင်းကြီးမြို့နယ်ရှိ ဝါစိုက်တောင်သူများ ဈေးကောင်းရရှိပြီး အဆင်ပြေ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဝါစိုက် ဧက ၇၄၄၅ ဧက စိုက်ပျိုးထားရှိပြီး ဝါစိုက်တောင်သူများအနေဖြင့် အိန္ဒိယမျိုးဖြစ်သော ရာကာ ၆၆ ဝါမျိုးစေ့ကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် ယခုနှစ်တွင် တစ်ဧကလျှင် ပိဿာ ၃၀၀ ထွက်ရှိကြောင်း၊ ဝါကောက်ချိန် ပထမအပတ်တွင် ဝါတစ်ပိဿာ လျှင် ငွေကျပ် ၃၂၀၀ – ၃၃၀၀ ၊ ဒုတိယပတ်တွင် ငွေကျပ် ၃၃၀၀-၃၄၀၀၊ တတိယပတ်တွင် ဝါဖွေးပြီးကောင်းလျှင် ငွေကျပ် ၃၆၀၀ ၊ ဝါမကောင်းလျှင် ငွေကျပ် ၃၀၀၀ ရရှိကြောင်း၊ ယခုနှစ်တွင် ဝါအထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရရှိ၍ ဝါစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

**DOCA (မကွေး)**

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသောပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်နှင့် ဆီအုန်းတို့ဖြစ်သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ငါးပုလွေ ၂၁၅ ဒသမ ၅၅ တန်၊ ငါးနီငယ်တန် ၈၅ ဒသမ ၇၁၀ ၊ ဘေးဝါ တန် ၇၆ ဒသမ ၄၀၀ ၊ ကြိမ်မွေ့ဒေါင်း တန်၂၀ ဒသမ ၁၆၀ ၊ တာတို တန် ၆၃ ဒသမ ၃၆၀ ၊ ကင်းမွန် တန် ၉၁ ဒသမ ၈၆၀ ၊ ငါးဝိုင်း တန် ၈ ဒသမ ၀၀၀ ၊ ဆင်နင်း တန် ၂၈ ဒသမ ၄၈၀ နှင့် ပါကင် တန် ၈၅၉ ဒသမ ၆၃၀ တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ကြွေပြား ၂၈၁၉၁ ဒသမ ၅၈၂ စတုရန်းမီတာ၊ ဖိနပ်အရန် ၂၅၅၆၀၀ ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်း အခု ၄၀ ၊ သံပီပါ အလုံး ၁၄၀၀ ၊ လူသုံးကုန်ပစ္စည်း ၉၃ ဒသမ ၇၄၆ တန်၊ အိမ်ဆောက်ပစ္စည်း ၁၅၇၄ ဒသမ ၀၀ တန်၊ ဘိုထိုင်အိမ်သာ အခု ၃၂၄၀ ၊ စားသောက်ကုန်ပစ္စည်း ၄၄ ဒသမ ၉၆၄ တန် တို့ဖြစ်ကြောင်း သိရှိရသည်။

**DOT (ကော့သောင်း)**

## ၁၉-၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၄၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၂၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၃၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၁၆၀၀၀ | ၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၁၄၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၃၃၀၀ | ၂၉၀၀ | ၁၈၀၀၀ | ၁၁၅၀၀ | ၈၂၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၂၀၀ | ၇၂၀၀ | ၃၆၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၅၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၅၃၅၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၃၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၅၅၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၉၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၂၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၁၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၉၆၅ | ၁၃၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၆၂၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၄၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၇၁၀၀ | ၃၇၀၀ | ၂၇၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၄၅၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၄၅၀ | ၁၆၀၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# နေပြည်တော်တွင် တည်ဆောက်နေသော စက်ရုံအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့နုဆီကြမ်းနှင့် ဆီချောစက်ရုံ ၁၀ ရုံ တည်ဆောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော်တွင် တည်ဆောက်နေသော စက်ရုံအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့နုဆီကြမ်းနှင့် ဆီချောစက်ရုံ ၁၀ ရုံ တည်ဆောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) ရှိ အချက်အလက်များအရ သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် နေပြည်တော်၊ ပျဉ်းမနား မြို့နယ်ရှိ MAPCO ဆန်စက်ဝင်းတွင် ဖွဲ့နုဆီကြမ်းနှင့် ဆီချောစက်ရုံကို တည်ဆောက်နေခြင်းဖြစ်ကာ တည်ဆောက်ချိန်ကာလ ၁၂ လ ကြာမည်ဟု ခန့်မှန်းထားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီလ သို့မဟုတ် မတ်လအတွင်း ထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

နေပြည်တော်တွင် တည်ဆောက်နေသည့် ဖွဲ့နုဆီကြမ်းနှင့် ဆီချောပါဝင်သည့် စက်ရုံမှ တစ်နှစ်လျှင် ဆီကြမ်းတန်ချိန် ၉၀၀၀ နှင့် ဆီချောတန်ချိန် ၆၃၀၀ စုစုပေါင်းတန်ချိန် ၁၅၃၀၀ ခန့်ကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဆန်စပါးအသင်းချုပ်က အဆိုပါ စက်ရုံမျိုးကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထပ်မံတည်ဆောက်သွားမည်ဖြစ်ပြီး ထွက်ရှိလာသော ဖွဲ့နုဆီများကို ပြည်တွင်းတွင် ရောင်းချခြင်းသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရုံမျိုးကို ဆက်တိုက်ဆောက်လုပ်သွားရန် ရည်မှန်းထားခြင်းဖြစ်ကာ ထွက်ရှိလာသော ဆီများကို ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရန်ရှိနေခြင်းဖြစ်သည်။

**ထက်ဦးမောင်**



# လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)၌ ဒစ်ဂျစ်တယ်ဆိုင်ရာသိနားလည်မှု သင်တန်းဖွင့်

**ပျဉ်းမနား ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား)၌ ဒစ်ဂျစ်တယ်ဆိုင်ရာ သိနားလည်မှု (Digital Literacy) သင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားသည်။

သင်တန်းတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယတိုင်းဦးစီးမှူးက ဒစ်ဂျစ်တယ်နည်းပညာနှင့် အသုံးပြုပုံများအကြောင်း၊ Application များအကြောင်း၊ မူပိုင်ခွင့်ရှိနိုင်သော Content များအကြောင်း၊ လူမှုမီဒီယာအသုံးပြုခြင်းနှင့် ဒစ်ဂျစ်တယ်ခြေရာများစသည်တို့ကို ရှင်းလင်းသင်ကြားပေးသည်။

သင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်အတွင်းရှိ အရာထမ်း၊ အမှုထမ်းများအား သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ရွှေပင်လယ်**

◆ *ကျောဖုံးမှ*

ဟွိုက်လန်းသည် အထူးခြေစွမ်း ပြသနိုင်ခဲ့ပြီး သွင်းဂိုးရယူနိုင်ခဲ့သည့်အတွက် နယူးကာဆယ် ကစားသမား ဂျိုးဝီလ်လော့ခ်၏ စံချိန်ကို ချိုးဖျက်ကာ ၂၂ နှစ် ၁၄ ရက်ဖြင့် ပရီမီယာလိဂ် သမိုင်းတစ်လျှောက်တွင် လိဂ်ခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် အသက်ငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့သည်။ ဟွိုက်လန်းသည် အိုးထရက်ဖို့ဒ်သို့ ရောက်ရှိပြီးနောက် သွင်းဂိုးရရှိရေးအခက်တွေ့ခဲ့ရသော်လည်း နောက်ပိုင်းပွဲစဉ်များတွင် လိဂ်ခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည်။ လူတန်အသင်းသည် မန်ယူကို ခြေရည်တူ ကစားနိုင်ခဲ့ပြီး ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သည်။

မန်ယူအသင်းသည် လူတန်အသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေး လေးကြိမ်ထက်မနည်း ရရှိခဲ့သော်လည်း တစ်ကြိမ်သာ ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး သုံးကြိမ်လွဲချော်ခဲ့သည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို တိုက်စစ်ကစားသမား ဟွိုက်လန်းတစ်ဦးတည်းက သွင်းယူနိုင်ခဲ့ပြီး လူတန်အသင်းအတွက် ချေပဂိုးကို မော်ရစ်က သွင်းယူနိုင်ခဲ့သည်။

ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် မန်ယူအသင်းသည် နောက်ဆုံး ငါးပွဲဆက် နိုင်ပွဲရရှိသည့် မှတ်တမ်းပိုင်ဆိုင်ခဲ့ပြီး အမှတ်ပေးဇယားတွင်လည်း အဆင့် (၄) မှ အက်စ်တွန်ဗီလာနှင့် ငါးမှတ်သာ ကွာဟတော့သည်။ လူတန်အသင်းက ၂၄ ပွဲကစားပြီး ရမှတ် ၂၀ သာ ရရှိထားသောကြောင့် လာမည့်နှစ်တွင် တန်းမဆင်းရရေးအတွက် လက်ကျန်ပွဲစဉ်များ၌ မဖြစ်မနေရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည် ဖြစ်သည်။

**အောင်ဇော်**



ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၉ ရက်က ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်ရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ အရေးပေါ် မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးများ ပေးအပ်လှူဒါန်းပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာ ရုံးခန်းများ၊ အဘိုးအဘွားများ နားနေဆောင်များ၊ ဆေးခန်းများ၊ ထမင်းစားဆောင်၊ မီးသုံးစွဲချက်ပြုတ်သည့်နေရာများ မီးဘေးလုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုနှင့် ရေရရှိနိုင်မှုအခြေအနေတို့ကို စစ်ဆေးဆောင်ရွက်စဉ်။ အာကာလင်း



# လှိုင်မြို့နယ် မီးသတ်စခန်း၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မီးသတ်စခန်း၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ဖွင့်လှစ်ရာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက အမှာစကား ပြောကြားသည်။

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ အရာရှိများ၊ မရမ်းကုန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ လှိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်၊ YRO(Yangon Rescue Organization) လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် ပရဟိတအဖွဲ့ဥက္ကဋ္ဌများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁ ရက်အထိ နှစ်ပတ်ကြာ ဖွင့်လှစ်သွားမည် ဖြစ်သည်။

**တင်ဝင်းလေး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၉၅ ကျပ် | ၂၆၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၀ ကျပ် | ၂၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၇၅ ကျပ် | ၂၉၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၄၀၀ | ၁၄၄၆ | ၁၁၃၉၃၇၀၀ |
| MTSH | ၂၈၀၀ | ၂၈၅၀ | ၂၄၂၇ | ၆၈၃၁၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၂၀၄ | ၃၁၆၂၀၀ |
| TMH | ၂၅၀၀ | ၂၄၅၀ | ၄ | ၉၉၀၀ |
| EFR | ၁၈၀၀ | ၁၈၅၀ | ၂၆၀ | ၄၆၈၅၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၅ | ၂၄၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၂၉၀၄ | ၅၀၈၂၀၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ပတ်စ်ပို့ပျောက်

ပင်းတယမြို့နယ်၊ ကုန်းသာရွာနေ (ဘ) ဦးဝင်းအောင်၏သမီး မစုလှိုင်နှင်း ၁၃/ပတယ(နိုင်)၀၇၇၀၀၉၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-484907)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၂၉၀၃၃၃၅

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက (ခွဲ) ၂၉ Grade-10(Steam-2) မှ မဝါဝါအေး ၏ ဖခင်အမည်မှန်မှာ ဦးဝင်းပို ၁၃/ရငန(နိုင်)၀၃၅၄၇၉ ဖြစ်ပါကြောင်း။

ဦးဝင်းပို

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ အမက ကံသုံးဆင့် (မြောက်)ကျောင်းတွင် လက်ထောက်မူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်သန္တာမောင် ၇/ရတန(နိုင်)၁၀၈၆၂၁ ကိုင်ဆောင်သူနှင့် ဒေါ်ခင်သန္တာအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဝင်းမြင့် ၏ သားဖြစ်သူ ကျွန်တော် မောင်အောင်ကိုကိုဝင်း (၁၂/လမန(နိုင်)၁၂၈၁၂၂) ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၄၄ ၀၁၂ ၆၂၄

## အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့သည် ဘဏ္ဍာနှစ်အလိုက် အိမ်ခြံမြေ တန်ဖိုးသတ်မှတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် တန်ဖိုးသတ်မှတ်ပေးရန် တင်ပြမည့်လျှောက်လွှာများအား ၁၅-၃-၂၀၂၄ ရက်နေ့ နောက်ဆုံးထားတင်ပြရန်ဖြစ်ပါသည်။

၁၅-၃-၂၀၂၄ ရက်နေ့အထိ လက်ခံထားပြီးသော တန်ဖိုးသတ်မှတ်လျှောက်လွှာများအား ၁၆-၃-၂၀၂၄ ရက်နေ့မှ ၂၂-၃-၂၀၂၄ ရက်နေ့အတွင်း ကွင်းဆင်းစစ်ဆေးပြီး တန်ဖိုးသတ်မှတ်မှုများ ဆောင်ရွက်မည်ဖြစ်ပါသည်။

တန်ဖိုးသတ်မှတ်ပြီးပါက ၂၅-၃-၂၀၂၄ ရက်နေ့မှ ၂၉-၃-၂၀၂၄ ရက်နေ့အထိ ကာလအတွင်း အခွန်ထမ်းများမှ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်များ ပေးသွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တန်ဖိုးသတ်မှတ်လျှောက်လွှာလက်ခံအား ရက်သတ်မှတ်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ခြံမြေ ကာလတန်ဖိုးသတ်မှတ်ပေးရန် တင်ပြမည့်လျှောက်လွှာများအား ၁၅-၃-၂၀၂၄ ရက်နေ့ ရုံးချိန်အတွင်း ညနေ (၄)နာရီ (၃၀)မိနစ်အချိန် နောက်ဆုံးထား၍ အချိန်မီ တင်ပြကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

**တိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁၀)၊ ဦးပိုင်အမှတ်(၂၅-ခ)/၆၂x၆၃ကြား၊ ဇော်ဂျီနှင့်ကုသိုလ်တော်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှရီ ၉/မနတ(နိုင်) ၀၅၈၁၉၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ကိရိယာများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**Digital Multifunction Copier** (၂၁)လုံး

- c/wOne Tube of Toner Standard Duplexing 2 x 550 Shts Universal Cassette, 1 x 100 Shts Stack Bypass STD: 2 GB Memory (30GB EMMC) , 7 inch TFT LCD WVGA Color Touch Panel 600 x 600 dpi Copy/ Scan Resolution & 1200 x 1200 dpi Printing Resolution Specification Network print controller (UFR II LT) Supports - PCL printer driver , 9999 copies- Windows 2000/10/ Server 2003/ Vista/ Server 2008/Win7/Mac OSX (10.4.9 or later) (Standard Feature: Copier, Printer, Scanner, Ethernet Network & Remote UI, Scan to E mail, Wireless, Mobile Print) (25 PPM, 25-400% Zoom, A3 Size)

၂။ ဈေးပြိုင် အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်း မည့် ပုဂ္ဂိုလ်/ သက်ဆိုင်ရာ ကုမ္ပဏီ/ အဖွဲ့အစည်း ကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့် ရှိသည်။ တရားဝင်ဝယ်ယူထားသူများ၏ မူရင်း အဆိုပြုလွှာပုံစံများကိုသာ လက်ခံပါမည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ) ဖြင့် ၂၀-၂-၂၀၂၄ ရက်မှ ၄-၃-၂၀၂၄ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂) ရှိ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ဥက္ကဋ္ဌထံ လိပ်မူ၍ ၄-၃-၂၀၂၄ ရက်နေ့ ညနေ(၁၆:၀၀) နာရီ နောက်ဆုံးထားပြီး လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း၊ ၀၆၇-၃၄၀၄၂၃၄၊ ၀၆၇-၃၄၀၄၃၁၁ နှင့် ၀၆၇-၃၄၀၄၃၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပတ်စ်ပို့ပျောက်

ပင်လုံမြို့၊ ရပ်ကွက်(၃)နေ(ဘ) ဦးစိုင်းခမ်း၏သမီး မပပခိုင် ၁၃/ပလတ(နိုင်)၀၀၀၃၉၃ ၏ နိုင်ငံကူးလက် မှတ်အမှတ် (MA-511572) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၇၈၂၀၃၃

## ပတ်စ်ပို့ပျောက်

ပင်လောင်းမြို့နယ်၊ သပြေကုန်းအုပ်စုနေ (ဘ) ဦးစောလှမောင် ၏သမီး နော်ဟေဘလူဖော ၁၃/ပလန(နိုင်)၁၁၄၉၉၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-141261) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၉၂၆၆၈၅၇

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(က)ရပ်ကွက်၊ အကွက်အမှတ် ယ-၃၊ ဦးပိုင်အမှတ်(၁၀၂)ခဲစင်း/၇၁x၇၂ကြား၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်ဟန် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၂၇၀၄/၂၀၁၅ ဖြင့်ဝယ်ယူခဲ့သူ ဦးသန်းထွန်း ၅/ခဥန(နိုင်) ၀၄၇၅၈၁၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၀၂၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းခမ်းနွန်း ၉/မရမ(နိုင်) ၀၅၈၇၄၈ ကဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## Heaven Praise Manufacturing Company Limited ၏ ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူအားပေးသော မိတ်ဟောင်း၊ မိတ်သစ် မိတ်ဆွေများအားလုံးနှင့် Customers အားလုံးသိရှိစေရန် ကြေညာခြင်း

**ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၉)ရက်**

